မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၅ ရက်၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၆ ရက်၊ သောကြာနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၈၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၅/၂၀၀၇)

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၅ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်–

အခန်း(၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်–

(က) **ကျန်းမာရေးလုပ်ငန်း** ဆိုသည်မှာ ကျန်းမာရေးနှင့်သက်ဆိုင်သော အသိပညာနှင့် အပြုအမူကို မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာရေး ပြန်လည်ထူထောင်ခြင်းနှင့် သုတေသနပြုခြင်းများအပါအဝင် ကျန်းမာရေးနှင့် သက်ဆိုင်သော အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုပညာဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။

(ခ) **ကျန်းမာရေးစောင့်ရှောက်မှု** ဆိုသည်မှာ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ကျန်းမာမှု အဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာရေး ပြန်လည်ထူထောင်ခြင်းနှင့် သုတေသနပြုခြင်းများအပါအဝင် ကျန်းမာရေးနှင့် သက်ဆိုင်သော အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုပညာဆိုင်ရာ ဆောင်ရွက်မှုများကို ဆိုသည်။

(ဂ) **ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း** ဆိုသည်မှာ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက အကျိုးအမြတ်ရရှိရန် ရည်ရွယ်၍ဖြစ်စေ၊ အကျိုးအမြတ်ရရှိရန် မရည်ရွယ်ဘဲဖြစ်စေ လုပ်ကိုင်သော ပုဒ်မ ၇ ပါ ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။

(ဃ) **ပုဂ္ဂလိကဆေးခန်း** ဆိုသည်မှာ ပြင်ပလူနာများအတွက် ကျန်းမာရေးလုပ်ငန်းကို ပုဂ္ဂလိက လုပ်ငန်းအဖြစ်ဆောင်ရွက်ရန် သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ စနစ်တကျ တည်ထောင် ဖွင့်လှစ်သော ဆေးခန်းကိုဆိုသည်။

(င) **ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်း** ဆိုသည်မှာ မြန်မာနိုင်ငံ ဆေးကောင်စီက ထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင် ရရှိသူကသော်လည်းကောင်း၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီက ထုတ်ပေးသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူကသော်လည်းကောင်း သက်ဆိုင်ရာပညာရပ်ဖြင့် ကုသမှုပေးသော ပုဂ္ဂလိက ဆေးခန်းကို ဆိုသည်။

(စ) **ပုဂ္ဂလိကအထူးကုဆေးခန်း** ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော အထူး ဆေးကုသခွင့် လိုင်စင်ရရှိသူကသော်လည်းကောင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီက အထူးဆေးကုသခွင့်အတွက် ထုတ်ပေးသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင် လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူကသော်လည်းကောင်း သက်ဆိုင်ရာပညာရပ်ဖြင့် ကုသမှု ပေးသော ပုဂ္ဂလိကဆေးခန်းကို ဆိုသည်။

(ဆ) **ပုဂ္ဂလိကဆေးရုံ** ဆိုသည်မှာ ပြင်ပလူနာနှင့် အတွင်းလူနာများအတွက် ကျန်းမာရေးလုပ်ငန်းကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်ရန် သတ်မှတ်ထားသည့်အင်္ဂါရပ်များနှင့်အညီ စနစ်တကျ တည်ထောင်ဖွင့်လှစ်သော ဆေးရုံကိုဆိုသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပြည်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေး ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်းရှိ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြား

နေပြည်တော် ဧပြီ ၅

ပဲခူးတိုင်း ပြည်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို ဧပြီ ၃ ရက် နံနက် ၇ နာရီခွဲက ပြည်မြို့ရှိ မြို့နယ်ခြံစည်းရိုးကြက်ဆူစိုက်ခင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်အားပေးသည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်၊ ဌာနဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✳

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကျောက်ဖူးချောင်းတံတား စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဧပြီလ ၆ ရက်)

နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ စဉ်ဆက်မပြတ် ချမှတ်ဖော်ဆောင်

နိုင်ငံတော်က လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရေအားလျှပ်စစ်စီမံကိန်းများကို တည်ဆောက်ပေးလျက်ရှိသည့်အပြင် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက် ရှိသည်။

နိုင်ငံတစ်ဝန်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်ကို ချမှတ်ဖော်ဆောင်ရင်း ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး အသေးစား ရေအားလျှပ်စစ်စီမံကိန်း ဖြစ်နိုင်ခြေရှိသည့်နေရာများကို စူးစမ်းလေ့လာကာ ကွင်းဆင်းဆောင်ရွက်ပေးလျက် ရှိသည်။

ကျေးလက်ဒေသများ လျှပ်စစ်ဓာတ်အား အလုံအလောက် သုံးစွဲနိုင်ရေးအတွက် ပြည်နယ်နှင့် တိုင်းအသီးသီး၌ ဖြစ်နိုင်ခြေရှိသော အသေးစားရေအားလျှပ်စစ်လုပ်ငန်းများအဖြစ် ကီလိုဝပ် ၁၀၀ မှ ၁ မဂ္ဂါဝပ်အထိ စီမံကိန်း ၁၃၁ ခု၊ ၁ မဂ္ဂါဝပ်မှ ၂ မဂ္ဂါဝပ်အထိ စီမံကိန်း ၃၀၊ ၂ မဂ္ဂါဝပ်မှ ၅ မဂ္ဂါဝပ်အထိ စီမံကိန်း ၂၄ ခုတို့တွင် ဓာတ်အားများထုတ်ယူရရှိနိုင်မည် ဖြစ်သည်။

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် (မြောက်ပိုင်း)၊ မွန်ပြည်နယ်တို့တွင် ထပ်မံတွေ့ရှိချက်များအရ စုစုပေါင်းစီမံကိန်း ၁၈ခုရှိပြီး ဓာတ်အားမဂ္ဂါဝပ် ၃၀ ခန့် ထုတ်ယူရရှိနိုင်မည် ဖြစ်သည်။

နယ်စပ်မြို့ ၁၇ မြို့၌ စွမ်းအင်ကဏ္ဍအနေဖြင့် အသေးစားနှင့် အလတ်စား ရေအားလျှပ်စစ်စက်ရုံများတည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည်။ မြို့၊ ရွာ ၁၉၉ ခုတို့တွင်လည်း မီးစက် ၂၆၅ လုံး တပ်ဆင်ပေးခဲ့ရာ အသေးစားကုန်ထုတ်လုပ်ငန်းများပါ ထုတ်လုပ်လာနိုင်ခဲ့သည်။

နိုင်ငံလူဦးရေ၏ ရာခိုင်နှုန်း ၇၀ ကျော်ရှိသည့် ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် နိုင်ငံတော်က ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထား ဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဓိကကျသော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စီမံကိန်းကြီးများ စဉ်ဆက်မပြတ် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိကြောင်း ဖော်ပြလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း တာမွေမြို့နယ် သမ္မာဒိဋ္ဌိလမ်း အမှတ် ၄၆ နေ ဒေါ်ခင်စော(၆၈) နှစ်ပြည့် မွေးနေ့ အလှူဒဂုံမြို့နယ် အမှတ်၁၆စကားဝါလမ်း မင်းကွန်းဆရာ တော်ကြီး၏တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တာဆန်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းစတင် နှစ်စဉ် လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၃၅၄၄၆ သန်း ထုတ်လုပ်နိုင်

နေပြည်တော် ဧပြီ ၅

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ MDX Group Co., Ltd တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့၏ အနောက်ဘက် ၃၃ မိုင်ခန့်အကွာ သံလွင်မြစ်ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်မည့် တာဆန်းရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်း စတင်ဆောင်ရွက်သည့် အခမ်းအနား (Ground Breaking Ceremony)ကို မတ်၃၀ရက် နံနက် ၉ နာရီက တာဆန်းရေအားလျှပ်စစ်စီမံကိန်း ရေလွှဲဥမင်လိုဏ်အဝင်ပိုင်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်၊ ထိုင်းနိုင်ငံ MDX Group Co., Ltd. မှ Dr. Subin Pinkayan နှင့် တာဝန်ရှိသူများ၊ စီမံကိန်းတွင် ပူးပေါင်းပါဝင်သည့် အစုရှယ်ယာဝင်များဖြစ်သည့် Ratchaburi ကုမ္ပဏီ၊ Chkarnchang ကုမ္ပဏီတို့မှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Gezhouba Water& Power Group Co., Ltd. (CGGC) ကုမ္ပဏီမှ အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် MDX ကုမ္ပဏီမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်နှင့် MDX ကုမ္ပဏီမှ Dr. Subin Pinkayan တို့က တာဆန်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

စတင်တူးဖော်

ယင်းနောက် ဒုတိယဝန်ကြီး ဦးမျိုးမြင့်က တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်ပြီး စီမံကိန်းလုပ်ငန်း စတင်ဆောင်ရွက်ရန် ရေလွှဲဥမင်လိုဏ်ကို စက်ယန္တရားများဖြင့် စတင်တူးဖော်ကြသည်။ ထို့နောက် အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

တာဆန်းရေအား လျှပ်စစ်စီမံကိန်းကို ရှမ်းပြည်နယ် တောင်ကြီးမြို့၏ အရှေ့ဘက် မိုင်းပန် မြို့နယ် နှင့်မိုင်းတုံ မြို့နယ်အကြား ဝမ်ဆာလကျေးရွာအနီး တာဆန်းကြိုးတံတား၏ အထက်ဘက် ကိုးမိုင်ခန့်အကွာ သံလွင်မြစ်ပေါ်၌ အလျား ၂၈၄၈ ပေ၊ အမြင့် ၇၄၆ ပေရှိ RCC အမျိုးအစားကွန်ကရစ်ရေလှောင်တမံ တည်ဆောက်ပြီး စီမံကိန်းပြီးစီးပါက စက်တပ်စက်အင်အား စုစုပေါင်း ၇၁၁၀ မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း(၃၅၄၄၆)သန်း ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း၃လမ်းမှတ်တိုင်အနီး) တွင် ပြည်သာယာလမ်းဆောက် ထော် ရန်ကင်းမြို့ နယ် နေ နှစ်ဖက်သော မိဘများနှင့် ကျေးဇူးရှင်များကို အမှူးထား၍ ဦးကျော်ဝင်း-ဒေါ်ခင်ဝင်းကြည် မိသားစုက ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၄-၂၀၀၇ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	ကလေးအထူးတရားပွဲ (ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်)
၇:၅၀	ခိုင်တိုစန်နည်းပညာသစ်၊ အမှိုက်ထဲကရွှေဖြစ်
၈:၀၅	ခါသကြီဝ်န်အဆိုအက
၈:၁၀	Myanmar Video Rhythm
၉:၀၀	ပြည်တွင်းသတင်းအကျဉ်း
၉:၁၀	သဒ္ဓမ္မဇ အာဂမ သဘာဝနှစ်ဌာန
၉:၂၅	ခါသကြီဝ်န် အဆိုအက
၉:၃၀	နယဉ်ဆန်းထွင်ပန်းအလှဆင် [ယပ်တောင်ပုံပန်းအိုးထိုးနည်း (ပန်းအိုးအကြီး)]
၉:၅၀	ခါသကြီဝ်န် အဆိုအက
၉:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀	ပျို့မေတို့ အလေးထားထိန်းသိမ်းစရာ ဆံကေသာ
၁၀:၁၀	ခါသကြီဝ်န် အဆိုအက
၁၀:၁၅	Music Talk (ဇော်ဝမ်း)
၁၀:၅၅	မိုးလေဝသခန့်မှန်းချက်
၁၁:၀၀	ဝင်ငွေတိုးစေဖို့ တီလားပီးယားငါးမွေးကြစို့
၁၁:၁၅	ခါသကြီဝ်န် အဆိုအက
၁၁:၂၀	သဘာဝဘေးအန္တရာယ် ကာကွယ်မှုနှင့် မြန်မာနိုင်ငံ(အပိုင်း-၂)
၁၂:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၂:၁၅	ကြည်နူးခံစား ကလေးပန်းချီများ (မူကြိုအဆင့်ပလုတ်တုတ်ကလေး ပန်းချီပြိုင်ပွဲ)
၁၂:၂၀	ခါသကြီဝ်န်အဆိုအက
၁၂:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၄၀	ခါသကြီဝ်န် အဆိုအက
၁၂:၄၅	သိစေချင်သည် ICT, (MCC) (Computerised Accounting)
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀:၁၅	ပွဲကြိုသုံးသပ်ချက်-၁	5-Sports
၁၀:၃၀	ပွဲကြိုသုံးသပ်ချက်-၂	5-Sports(Live)
၁၀:၄၀	Mancity-Charlton	5-Sports (Live)
၁၂:၅၅	Everton-Fulham	5-Sports (Live)

မြဝတီရုပ်မြင်သံကြား

၆-၄-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၃၅	၈။	ခါသကြီဝ်န်အဆိုအကများ
၅:၄၅	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မိုးလေဝသသတင်း
၆:၂၅	၁၃။	ခါသကြီဝ်န်အဆိုအကများ
၆:၃၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၄၅	၁၆။	လျှပ်တစ်ပြက်
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၃၇)
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	စိုက်ပျိုးသုတ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	English Premier League ဘောလုံးပွဲ Man City Vs Charlton (Live)

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ

❒ **ရှေ့ဖုံးမှ**

(ဈ) **ပုဂ္ဂလိက အထွေထွေရောဂါကုဆေးရုံ** ဆိုသည်မှာ အထွေထွေရောဂါများကို ပြုစုကုသမှုပေးရန်အလို့ငှာ မြန်မာနိုင်ငံ ဆေးကောင်စီက ထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင် သို့မဟုတ် အထူးဆေးကုသခွင့်လိုင်စင်ရရှိသူက သော်လည်းကောင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီက အထွေထွေဆေးကုသခွင့်အတွက်ဖြစ်စေ၊ အထူးဆေးကုသခွင့်အတွက်ဖြစ်စေ ထုတ်ပေးသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူက သော်လည်းကောင်း တာဝန်ယူဆောင်ရွက်ပြီး ကျန်းမာရေး စောင့်ရှောက်မှုပေးသော ပုဂ္ဂလိကဆေးရုံကို ဆိုသည်။

(ည) **ပုဂ္ဂလိကအထူးကုဆေးရုံ** ဆိုသည်မှာ ဆေးပညာဘာသာရပ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ တစ်မျိုးထက်ပိုသော ဆေးပညာဘာသာရပ်များဖြင့်ဖြစ်စေ အထူးပြုစုကုသမှုပေးရန်အလို့ငှာ မြန်မာနိုင်ငံ ဆေးကောင်စီက ထုတ်ပေးသော အထူးဆေးကုသခွင့်လိုင်စင် ရရှိသူကသော်လည်းကောင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီက အထူးဆေးကုသခွင့်အတွက် ထုတ်ပေးသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူကသော်လည်းကောင်း တာဝန်ယူဆောင်ရွက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးသော ပုဂ္ဂလိကဆေးရုံကို ဆိုသည်။

(ဋ) **ပုဂ္ဂလိကသားဖွားခန်း** ဆိုသည်မှာ ကိုယ်ဝန်ဆောင်မိခင်များကို လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သာမန်မွေးဖွားပေးခြင်း၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးအချိန်များတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်ရန် သတ်မှတ်ထားသည့်အင်္ဂါရပ်များနှင့်အညီ စနစ်တကျ တည်ထောင်ဖွင့်လှစ်သော သားဖွားခန်းကို ဆိုသည်။

(ဌ) **ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်း** ဆိုသည်မှာ ကျန်းမာရေးစစ်ဆေးခြင်း၊ ရောဂါရှာဖွေဖော်ထုတ်ခြင်း သို့မဟုတ် ရောဂါကုသခြင်းအတွက် အထောက်အကူပြုသော ရောဂါရှာဖွေရေး ဓာတ်ခွဲလုပ်ငန်း၊ ဓာတ်မှန်ဘက်ဆိုင်ရာ ရောဂါရှာဖွေရေးလုပ်ငန်းနှင့် အခြားရောဂါရှာဖွေရေးလုပ်ငန်းတစ်ရပ်ရပ်ကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်သော ကျန်းမာရေးလုပ်ငန်းကို ဆိုသည်။

(ဍ) **ပုဂ္ဂလိက သူနာပြုစုရေးဂေဟာ** ဆိုသည်မှာ ရုပ်ပိုင်းသို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဝေဒနာခံစားနေရသူ၊ ကျန်းမာရေးပြန်လည်ထူထောင်ပေးမှုခံယူသူနှင့် သက်ကြီးရွယ်အိုများအား လက်ခံ၍ သူနာပြုစုစောင့်ရှောက်ခြင်းကို ပုဂ္ဂလိကလုပ်ငန်းအဖြစ်ဆောင်ရွက်ရန် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ တည်ထောင်ဖွင့်လှစ်သော နေရာဌာနကိုဆိုသည်။

(ဎ) **ပုဂ္ဂလိကနယ်လှည့်ကျန်းမာရေးလုပ်ငန်း** ဆိုသည်မှာ ကျန်းမာရေးစောင့်ရှောက်မှုပေးသူက လှည့်လည်၍ ကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ်ရပ်ကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်သော ကျန်းမာရေးလုပ်ငန်းကို ဆိုသည်။

(ဏ) **ပုဂ္ဂလိကကျန်းမာရေးအကျိုးဆောင်လုပ်ငန်း** ဆိုသည်မှာ လူနာပို့ဆောင်ခြင်း သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရန် အလို့ငှာ ပြည်တွင်း ပြည်ပ ဆက်သွယ်ခြင်းကို ပုဂ္ဂလိကလုပ်ငန်းအဖြစ်ဆောင်ရွက်သော ကျန်းမာရေးလုပ်ငန်းကိုဆိုသည်။

(တ) **ပုဂ္ဂလိကအထွေထွေကျန်းမာရေးလုပ်ငန်း** ဆိုသည်မှာ ရုပ်ပိုင်းသို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အခြေအနေတစ်ရပ်ရပ်၏ ကျန်းမာရေးနှင့်စပ်လျဉ်း၍ လျှပ်စစ်၊ အပူ၊ အလင်းရောင်၊ ဓာတ်တစ်မျိုးမျိုး သို့မဟုတ် အခြားနည်းတစ်မျိုးမျိုးဖြင့် ကိရိယာတစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ အသုံးမပြုဘဲဖြစ်စေ ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်သော ကျန်းမာရေးလုပ်ငန်းကို ဆိုသည်။

(ထ) **နည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ ခွင့်ပြုချက်အရဖြစ်စေ ကျန်းမာရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာနည်းပညာရပ်များကို သင်ကြားပေးရန် ဖွင့်လှစ်သောသင်တန်း၊ ကျောင်း၊ သိပ္ပံ၊ ကောလိပ် သို့မဟုတ် တက္ကသိုလ်က အပ်နှင်းသည့်လက်မှတ် ဒီပလိုမာဘွဲ့ သို့မဟုတ် ဒီဂရီရရှိသူကို ဆိုသည်။ ယင်း စကားရပ်တွင် ပြည်ပက အပ်နှင်းပြီး ကျန်းမာရေးဝန်ကြီးဌာနကလည်း အသိအမှတ်ပြုသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီရရှိသူလည်း ပါဝင်သည်။

(ဒ) **တာဝန်ခံပုဂ္ဂိုလ်** ဆိုသည်မှာ ပုဂ္ဂလိကကျန်းမာရေလုပ်ငန်း တစ်ရပ်ရပ်ကို တည်ထောင်သူ၊ ကြီးကြပ်အုပ်ချုပ်သူ သို့မဟုတ် စီမံခန့်ခွဲမှုတာဝန်ကို တာဝန်ခံဆောင်ရွက်သူကို ဆိုသည်။

(ဓ) **ကျန်းမာရေးစောင့်ရှောက်မှုပေးသူ** ဆိုသည်မှာ မြန်မာနိုင်ငံ ဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကိုဖြစ်စေ၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီကထုတ်ပေးသော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကိုဖြစ်စေ သူနာပြုနှင့် သားဖွားကောင်စီက ထုတ်ပေးသော သူနာပြုသို့မဟုတ် သားဖွားလိုင်စင်ကိုဖြစ်စေ ရရှိသူနှင့် နည်းပညာကျွမ်းကျင်သူများကို ဆိုသည်။

(န) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ကို ဆိုသည်။

(ပ) **ကြီးကြပ်ရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန်၊

(ခ) အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများက အစိတ်အပိုင်းတစ်ရပ်အဖြစ် စနစ်တကျ ပါဝင်ဆောင်ရွက်နိုင်စေရန်၊

(ဂ) ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုနိုင်စေရန်၊

(ဃ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်ခြင်းအားဖြင့် ပြည်သူများက မိမိတို့၏ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် စိတ်ကြိုက် ရွေးချယ်ခွင့်ရရှိစေရန်၊

(င) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများက ပြည်သူများအတွက် မျှတသော စရိတ်ဖြင့် အရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှု ပေးနိုင်စေရန်နှင့် တာဝန်ခံမှုရှိစေရန်။

အခန်း (၃)
ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည်–

(က) ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြီးအကဲနှင့် ကိုယ်စားလှယ်များ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ၂၁ ဦးထက်မများသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ သင့်လျော်သည့် ပုဂ္ဂိုလ်ကို တွဲဖက်အတွင်းရေးမှူးအဖြစ် သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ဗဟိုအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

အခန်း(၄)
ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ လမ်းညွှန်ခြင်း၊

(ခ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ၏ အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးအတွက် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ သက်ဆိုင်ရာ တာဝန်ရှိသူများက အကောင်အထည်ဖော် ဆောင်ရွက်စေရန် လမ်းညွှန်ခြင်း၊

(ဂ) ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်ငန်း၊ ပုဂ္ဂလိက ကျန်းမာရေး အကျိုးဆောင်လုပ်ငန်းနှင့် ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလုပ်ငန်းများမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ဃ) ပုဂ္ဂလိက ဆေးရုံအမျိုးအစားနှင့် ကုသနိုင်သည့် ရောဂါအမျိုးအစား သတ်မှတ်ခြင်း၊

(င) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်းမှအပ အခြားပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(စ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အထူးကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်သည့် လိုအပ်သောအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဇ) ခေတ်အလျောက် တိုးတက်လာသော ဆေးပညာနှင့် နည်းစနစ်များကို လိုက်နာကျင့်သုံးဆောင်ရွက်ရန် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများအား ညွှန်ကြားခြင်း၊

(ဈ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများအတွက် လိုအပ်သော အင်္ဂါရပ်များနှင့် လိုအပ်ချက်များကို သတ်မှတ်ခြင်း၊

(ည) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဋ) ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်က တင်ပြသော ကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(ဌ) မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဍ) ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဎ) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ၏ လိုင်စင်သက်တမ်း၊ လိုင်စင်ခနှင့် လိုင်စင်သက်တမ်း တိုးမြှင့်ခတို့ကို သတ်မှတ်ခြင်း၊

(ဏ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

၆။ ဗဟိုအဖွဲ့သည် လိုအပ်ပါက မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လုပ်ငန်းကော်မတီအားဖြစ်စေ၊ ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်အားဖြစ်စေ၊ အဖွဲ့အစည်း သို့မဟုတ် ဌာနတစ်ခုခုအားဖြစ်စေ လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

အခန်း(၅)
ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ

၇။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပုဂ္ဂလိကဆေးခန်းလုပ်ငန်း–

(၁) ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်း၊

(၂) ပုဂ္ဂလိက အထူးကုဆေးခန်းလုပ်ငန်း၊

(ခ) ပုဂ္ဂလိက ဆေးရုံလုပ်ငန်း–

(၁) ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးရုံလုပ်ငန်း၊

(၂) ပုဂ္ဂလိက အထူးကုဆေးရုံလုပ်ငန်း၊

(ဂ) ပုဂ္ဂလိက သားဖွားခန်းလုပ်ငန်း၊

(ဃ) ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်း၊

(င) ပုဂ္ဂလိက သူနာပြုစုရေးဂေဟာလုပ်ငန်း၊

(စ) ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်ငန်း၊

(ဆ) ပုဂ္ဂလိက ကျန်းမာရေးအကျိုးဆောင်လုပ်ငန်း၊

(ဇ) ပုဂ္ဂလိက အထွေထွေကျန်းမာရေးလုပ်ငန်း။

အခန်း (၆)
ပုဂ္ဂလိက ဆေးရုံ၏ အင်္ဂါရပ်များ

၈။ ပုဂ္ဂလိကဆေးရုံသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်–

(က) လုံလောက်သော သီးခြားမြေနေရာ အကျယ်အဝန်းရှိခြင်းနှင့် ခွင့်ပြုထားသောနေရာတွင် တည်ဆောက်ခြင်း၊

(ခ) အဆောက်အအုံပုံစံနှင့် အခန်းဖွဲ့စည်းမှုများသည် သတ်မှတ်ထားသော စံများနှင့် ညီညွတ်ခြင်း၊

(ဂ) ဆေးရုံအတွင်း၊ အပြင်နှင့် ပရိဝုဏ်တို့ကို သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဃ) သတ်မှတ်ထားသော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများဖြင့် ၂၄ နာရီပတ်လုံး တာဝန်ထမ်းဆောင်စေရန် ဆောင်ရွက်ထားခြင်း၊

(င) အရေးပေါ်ပြင်ပလူနာနှင့် အတွင်းလူနာများကို ၂၄နာရီ ကုသမှုခံယူနိုင်စေရန် ဆောင်ရွက်ထားခြင်း၊

(စ) လူနာများကို အရေးပေါ်အသက်ကယ် ကုသစောင့်ရှောက်မှုပေးနိုင်ခြင်း၊

(ဆ) ပြင်ပလူနာကိုဖြစ်စေ အတွင်းလူနာကိုဖြစ်စေ ခွဲစိတ်ကုသမှု ပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့်အခန်းနှင့် လိုအပ်သော ခွဲစိတ်ပစ္စည်း၊ ကိရိယာများထားရှိခြင်း၊

(ဇ) သတ်မှတ်ထားသော စံနှင့်ညီညွတ်သော ပစ္စည်းကိရိယာနှင့် ဆေးဝါးများ ထားရှိခြင်း၊

(ဈ) ဆေးရုံအတန်းအစားနှင့် အမျိုးအစားအလိုက် ရောဂါရှာဖွေရေးအတွက် ဆောင်ရွက်နိုင်ခြင်း၊

(ည) လူနာညွှန်းပို့မှု စနစ်ရှိခြင်း၊

(ဋ) အန္တရာယ်ကင်းသော သွေးသွင်းကုသမှုအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဌ) စနစ်ကျသော ဆေးမှတ်တမ်း ထိန်းသိမ်းထားရှိခြင်း၊

(ဍ) ဆေးရုံအတန်းအစားနှင့် အမျိုးအစားအလိုက် တာဝန်ခံကြီးကြပ်အုပ်ချုပ်မှုစနစ်ရှိခြင်း၊

(ဎ) ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး၊ ကူးစက်ရောဂါ မပြန့်ပွားစေရေးနှင့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော စံနှင့်အညီ စနစ်တကျ စွန့်ပစ်ရေးတို့အတွက် ဆောင်ရွက်ထားခြင်း၊

(ဏ) သန့်ရှင်းသော သောက်ရေ၊ သုံးရေလုံလောက်စွာရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(တ) ရေနှင့် မိလ္လာစနစ်ကို စနစ်တကျ တည်ဆောက်ထားခြင်း၊

(ထ) ဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုနှင့် အရေးပေါ်ကယ်ဆယ်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဒ) ကောင်းမွန်သော ဆက်သွယ်ရေးစနစ်ရှိခြင်း၊

(ဓ) လျှပ်စစ်မီး ၂၄နာရီပတ်လုံးရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(န) သေဆုံးလူနာများအတွက် သတ်မှတ်ထားသည့် အစီအစဉ် ဆောင်ရွက်ထားခြင်း၊

(ပ) ဗဟိုအဖွဲ့က အခါအားလျော်စွာသတ်မှတ်သည့် အခြားလိုအပ်ချက်များကို ဆောင်ရွက်ထားခြင်း။

အခန်း (၇)
ပုဂ္ဂလိက ဆေးခန်းအင်္ဂါရပ်များ

၉။ ပုဂ္ဂလိကဆေးခန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်–

(က) သင့်လျော်သော အကျယ်အဝန်းရှိသည့် အဆောက်အအုံ သို့မဟုတ် အခန်းဖြစ်ခြင်း၊

(ခ) အတွင်းလူနာကို လက်ခံခွင့်မရှိဘဲ ပြင်ပလူနာကိုသာ ပြုစုကုသမှုပေးခြင်း၊

(ဂ) ဆေးခန်းအတွင်းအပြင်တို့တွင် သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဃ) လူနာညွှန်းပို့မှု စနစ်ရှိခြင်း၊

(င) စနစ်ကျသော ဆေးမှတ်တမ်း ထိန်းသိမ်းထားရှိခြင်း၊

(စ) ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး၊ ကူးစက်ရောဂါ မပြန့်ပွားစေရေးနှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရေးတို့အတွက် ဆောင်ရွက်ထားခြင်း၊

(ဆ) သန့်ရှင်းသော သောက်ရေ၊ သုံးရေ လုံလောက်စွာရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဇ) ရေနှင့်မိလ္လာစနစ်ကို စနစ်တကျတည်ဆောက်ထားခြင်း၊

(ဈ) သတ်မှတ်ထားသော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း၊

စာမျက်နှာ ၄ ကော်လံ ၁

စာမျက်နှာ ၃ မှ

(ည) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များကို ဆောင်ရွက်ထားခြင်း။

အခန်း(၈)
ပုဂ္ဂလိကသားဖွားခန်း၏ အင်္ဂါရပ်များ

၁၀။ ပုဂ္ဂလိကသားဖွားခန်းသည် အောက်ပါအင်္ဂါရပ်များနှင့်ညီညွတ်ရမည်–
(က) သီးခြားပရိဝုဏ်နှင့် သီးခြားအဆောက်အအုံရှိခြင်း၊
(ခ) သားဖွားလူနာများနှင့် မွေးကင်းစကလေးများကို ၂၄ နာရီ ပြုစုစောင့်ရှောက်မှုပေးနိုင်ရန် ဆောင်ရွက်ထားခြင်း၊
(ဂ) သားဖွားခန်းအတွင်း၊ အပြင်နှင့် ပရိဝုဏ်တို့ကို သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊
(ဃ) လူနာများကို အရေးပေါ်အသက်ကယ်ကုသစောင့်ရှောက်မှုပေးနိုင်ခြင်း၊
(င) ပြင်ပလူနာကိုဖြစ်စေ၊ အတွင်းလူနာကိုဖြစ်စေ ခွဲစိတ်ကုသမှုပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့်အခန်းနှင့် လိုအပ်သောခွဲစိတ်ပစ္စည်းကိရိယာများထားရှိခြင်း၊
(စ) သတ်မှတ်ထားသောစံနှင့်ညီညွတ်သော ပစ္စည်းကိရိယာနှင့် ဆေးဝါးများ ထားရှိခြင်း၊
(ဆ) လူနာညွှန်းပို့မှုစနစ်ရှိခြင်း၊
(ဇ) အန္တရာယ်ကင်းသော သွေးသွင်းကုသမှုအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊
(ဈ) စနစ်ကျသော ဆေးမှတ်တမ်းထိန်းသိမ်းထားရှိခြင်း၊
(ည) ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး၊ ကူးစက်ရောဂါမပြန့်ပွားစေရေးနှင့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော စံနှင့်အညီ စနစ်တကျစွန့်ပစ်ရေးတို့အတွက် ဆောင်ရွက်ထားခြင်း၊
(ဋ) သန့်ရှင်းသော သောက်ရေ၊ သုံးရေလုံလောက်စွာ ရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊
(ဌ) ရေနှင့်မိလ္လာစနစ်ကို စနစ်တကျတည်ဆောက်ထားခြင်း၊
(ဍ) ဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုနှင့် အရေးပေါ်ကယ်ဆယ်ရေးအတွက် စနစ်တကျစီစဉ်ဆောင်ရွက်ထားခြင်း၊
(ဎ) ကောင်းမွန်သော ဆက်သွယ်ရေးစနစ်ရှိခြင်း၊
(ဏ) လျှပ်စစ်မီး ၂၄ နာရီပတ်လုံးရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊
(တ) သတ်မှတ်ထားသော ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း၊
(ထ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့်အခြားလိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း။

အခန်း(၉)
ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းအတွက် ကြိုတင်ခွင့်ပြုချက်

၁၁။ ပုဂ္ဂလိကနယ်လှည့်ကျန်းမာရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကျန်းမာရေး၊ အကျိုးဆောင် လုပ်ငန်းများမှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်လိုသူ သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်လိုသူသည် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက်နှင့်အတူ ကြိုတင်ခွင့်ပြုချက်ရရှိရန် အောက်ပါအချက်များကိုဖော်ပြပြီး သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်–
(က) တည်ထောင်ဖွင့်လှစ်မည့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း၊
(ခ) တည်ထောင်ဖွင့်လှစ်မည့်လုပ်ငန်း၏ တည်နေရာ၊ အကျယ်အဝန်းနှင့် လိပ်စာ၊
(ဂ) တည်နေရာ၏ပတ်ဝန်းကျင်ရှိ မြေနှင့်အဆောက်အအုံများ၊
(ဃ) အဆောက်အအုံနှင့် အခန်းဖွဲ့စည်းပုံ၊
(င) ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်၊
(စ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော အခြားလိုအပ်သည့်အချက်များ။

၁၂။ သက်ဆိုင်ရာမြို့နယ်ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၁၁ အရ လျှောက်ထားခြင်းကို စိစစ်ပြီး ခရိုင်ကြီးကြပ်ရေးကော်မတီသို့လည်းကောင်း၊ ခရိုင်ကြီးကြပ်ရေးကော်မတီသည် ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီသို့လည်းကောင်း သဘောထားမှတ်ချက်နှင့်အတူ အဆင့်ဆင့်တင်ပြရမည်။

၁၃။ ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၁၁အရ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍–
(က) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြား ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ်ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကိုပြုပြင်ရန် ကြိုတင်ခွင့်ပြုချက် လျှောက်ထားသည့်ကိစ္စဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။
(ခ) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်း လုပ်ငန်းတည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ်ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန်ကြိုတင်ခွင့်ပြုချက် လျှောက်ထားသည့်ကိစ္စဖြစ်ပါက စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၄။ ဗဟိုအဖွဲ့သည် ပုဒ်မ၁၃၊ ပုဒ်မခွဲ(က)အရ ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီက တင်ပြသော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ်ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကိုပြုပြင်ရန် ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းကို စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

အခန်း(၁၀)
ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်

၁၅။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသူသည်–
(က) မိမိလုပ်ကိုင်လိုသော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းအတွက် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။
(ခ) ပုဂ္ဂလိကနယ်လှည့်ကျန်းမာရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကျန်းမာရေးအကျိုးဆောင်လုပ်ငန်းများမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်အတွက် လိုင်စင်လျှောက်ထားခြင်းဖြစ်ပါက ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မ၁၄အရ ထုတ်ပေးသော ကြိုတင်ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။

၁၆။ မြို့နယ်ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ၁၅၊ ပုဒ်မခွဲ(က)အရ လိုင်စင်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခရိုင်ကြီးကြပ်ရေးကော်မတီသို့လည်းကောင်း၊ ခရိုင်ကြီးကြပ်ရေးကော်မတီသည် ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီသို့လည်းကောင်း သဘောထားမှတ်ချက်နှင့်အတူ အဆင့်ဆင့်တင်ပြရမည်။

၁၇။ ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီသည်–
(က) ပုဂ္ဂလိကအထွေထွေရောဂါကု ဆေးခန်းလုပ်ငန်းမှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားချက်ကို သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။
(ခ) ပုဂ္ဂလိကအထွေထွေရောဂါကု ဆေးခန်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားခြင်းကို စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၈။ ဗဟိုအဖွဲ့သည် ပုဒ်မ၁၇၊ ပုဒ်မခွဲ(က)အရ ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီက တင်ပြသော လိုင်စင်လျှောက်ထားခြင်းကို စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၉။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်အတွက် လိုင်စင်ရရှိသူသည်–
(က) လိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်။
(ခ) ဗဟိုအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။
(ဂ) ကျန်းမာရေးဆိုင်ရာ အရေးပေါ် လိုအပ်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနက ပေးအပ်သော တာဝန်များကို ဆောင်ရွက်ရမည်။

၂၀။ (က) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်အတွက် လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် မိမိ၏ လုပ်ငန်းကို ဆက်လက် လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။
(ခ) ဗဟိုအဖွဲ့နှင့် ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်သည် ပုဒ်မခွဲ(က)အရ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားခြင်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၁။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်အတွက် လိုင်စင်ရရှိသူသည် မိမိရရှိသော လိုင်စင်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းခြင်း သို့မဟုတ် ငှားရမ်းခြင်း ပြုလိုပါက သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော ဗဟိုအဖွဲ့ သို့မဟုတ် ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

အခန်း(၁၁)
ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်းမြှင့်တင်ခြင်း

၂၂။ ဗဟိုအဖွဲ့သည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ၏ အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် သင့်လျော်သော ကျွမ်းကျင်ပညာရှင်များပါဝင်သည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

၂၃။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအရည်အသွေးထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့များသည် ဗဟိုအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကိုစစ်ဆေးပြီး ဗဟိုအဖွဲ့သို့ တင်ပြရမည်။
(က) ကျန်းမာရေး စောင့်ရှောက်မှု ပေးသူဦးရေ၊ ယင်းတို့၏ အရည်အချင်းနှင့် ပစ္စည်းကိရိယာများ ပြည့်စုံခြင်းရှိမရှိ၊
(ခ) ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဘာသာရပ်ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းတို့က လုပ်ငန်းအသီးသီးအတွက် သတ်မှတ်ထားသည့် ကျင့်စဉ်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိမရှိ၊
(ဂ) ကျန်းမာရေးလုပ်ငန်းဆောင်ရွက်ရာတွင် အရည်အသွေး မြင့်မားရေးအတွက် အစီအမံများကို သတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ထားခြင်း ရှိမရှိ၊
(ဃ) သက်ဆိုင်ရာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၊ လူနာ၊ အများပြည်သူနှင့် ပတ်ဝန်းကျင်တို့အား ကျန်းမာရေးအန္တရာယ်မဖြစ်ပေါ်စေရန်နှင့် ကူးစက်ရောဂါမပြန့်ပွားစေရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်ထားခြင်း ရှိမရှိ၊
(င) ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် စပ်လျဉ်း၍ ကျန်းမာရေး စောင့်ရှောက်မှု ခံယူသူများက ကျေနပ်မှု ရှိမရှိ၊
(စ) ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများ၏ လုပ်ငန်းခွင် အခြေအနေနှင့် စပ်လျဉ်း၍ ကျေနပ်ဖွယ် ရှိမရှိ၊
(ဆ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ။

၂၄။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့များနှင့် ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်တို့သည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ၏ အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူတို့အား လိုအပ်သည်များကို ညွှန်ကြားနိုင်သည်။

အခန်း(၁၂)
တာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူတို့၏ တာဝန်ဝတ္တရားများ

၂၅။ တာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူတို့၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည်–
(က) လူနာ၏ ကျန်းမာရေး လိုအပ်ချက်ကို အဓိကထား၍ ဆောင်ရွက်ခြင်း၊
(ခ) ဗဟိုအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊
(ဂ) ကျန်းမာရေးနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊
(ဃ) ခေတ်အလျောက် တိုးတက်လာသော ဆေးပညာနှင့် နည်းစနစ်များကို ဗဟိုအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်ခြင်း၊
(င) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသော ကူးစက်မြန်ရောဂါများနှင့် မှုခင်းဆိုင်ရာ ကိစ္စရပ်များကို ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊
(စ) လူနာ၏ အကျိုးကိုရှေးရှု၍ လိုအပ်ပါက သက်ဆိုင်ရာပညာရှင်၊ ဌာနနှင့် ဆေးရုံများသို့ အချိန်မီ ညွှန်းပို့ခြင်း၊
(ဆ) မည်သည့် အရေးပေါ်လူနာကိုမဆို အသက်ကယ်လုပ်ငန်းများ ဆောင်ရွက်ကုသပေးခြင်းနှင့် လိုအပ်ပါက ညွှန်းပို့ခြင်း၊
(ဇ) အများပြည်သူအတွက် မျှတသော ဝန်ဆောင်ခဖြင့် အရည်အသွေးမြင့်မားသော ဝန်ဆောင်မှုပေးခြင်း၊
(ဈ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့နှင့် ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်တို့၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း၊
(ည) ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူ၏ မကျေနပ်မှုကို ဖြေရှင်းပေးနိုင်ရန် အစီအစဉ်များ ချမှတ်ထားရှိခြင်း၊
(ဋ) ဆေးရုံအရွယ်အစားနှင့် အမျိုးအစားအလိုက် လိုအပ်သော စီမံခန့်ခွဲရေးအဖွဲ့ငယ်၊ အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့ငယ်နှင့် အခြားလိုအပ်သော အဖွဲ့ငယ်များကို ဖွဲ့စည်းဆောင်ရွက်ခြင်း၊
(ဌ) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းက တရားဝင်တောင်းခံလာသည်မှအပ လူနာ၏ကျန်းမာရေးဆိုင်ရာ အတွင်းရေးကိစ္စကို လျှို့ဝှက်ထိန်းသိမ်းထားရှိခြင်း၊
(ဍ) လူနာများကို အသုံးပြု၍ သုတေသနပြုရန် လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊
(ဎ) သတ်မှတ်ထားသော အခွန်အခများကို မှန်ကန်စွာပေးဆောင်ခြင်း၊
(ဏ) သက်ဆိုင်ရာ လိုင်စင်အရ ခွင့်ပြုထားသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း လုပ်ကိုင်သည့်နေရာတွင် ခွင့်ပြုချက် သို့မဟုတ် လိုင်စင်မရှိဘဲ အခြားလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်းမှ ရှောင်ကြဉ်ခြင်း။

အခန်း(၁၃)
စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၆။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း လိုင်စင်ရရှိသူက ပုဒ်မ ၁၉ ပါ တာဝန်တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဤဥပဒေပါပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် ပြစ်ဒဏ်စီရင်ခြင်း ခံရလျှင်သော်လည်းကောင်း၊ တာဝန်ခံပုဂ္ဂိုလ်က ပုဒ်မ ၂၅ ပါ တာဝန်ဝတ္တရားတစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းအတွက် လိုင်စင်ထုတ်ပေးပိုင် ခွင့်ရှိသော ဗဟိုအဖွဲ့နှင့် ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီတို့သည် သက်ဆိုင်ရာ လိုင်စင်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်–
(က) သတိပေးခြင်း၊
(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊
(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊
(ဃ) လိုင်စင်ကိုပယ်ဖျက်ခြင်း။

၂၇။ ပုဒ်မ ၂၆ အရ အရေးယူဆောင်ရွက်သော ဗဟိုအဖွဲ့ သို့မဟုတ် ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသူက ပုဒ်မ ၂၅ ပါ တာဝန်ဝတ္တရားတစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ မြန်မာနိုင်ငံ ဆေးကောင်စီ၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီ သို့မဟုတ် သူနာပြုနှင့် သားဖွားကောင်စီသို့ အကြောင်းကြားရမည်။

အခန်း(၁၄)
အယူခံခြင်း

၂၈။ ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီက ပုဒ်မ ၂၆အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရ ချမှတ်သော အခြားအမိန့်တစ်ရပ်ရပ်ကိုသော်လည်းကောင်း မကျေနပ်သူသည် အဆိုပါအမိန့်ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုအဖွဲ့သို့ အယူခံနိုင်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

စာမျက်နှာ ၄ မှ

၂၉။ ဗဟိုအဖွဲ့သည် ပုဒ်မ ၂၈ အရ အယူခံမှုတွင် ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီကချမှတ်သော အမိန့်တစ်ရပ်ရပ်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

၃၀။ ဤဥပဒေအရချမှတ်သော ဗဟိုအဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

အခန်း(၁၅)

ပြစ်မှုနှင့်ပြစ်ဒဏ်

၃၁။ မည်သူမဆို ပုဂ္ဂလိကဆေးရုံလုပ်ငန်းကို လိုင်စင်မရှိဘဲလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၅နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၃၂။ မည်သူမဆို ပုဂ္ဂလိကသားဖွားခန်းလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကဆေးခန်းလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၃ နှစ် အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၃၃။ မည်သူမဆို ပုဂ္ဂလိကဆေးရုံလုပ်ငန်း၊ ပုဂ္ဂလိကသားဖွားခန်းလုပ်ငန်းနှင့် ပုဂ္ဂလိကဆေးခန်းလုပ်ငန်းတို့မှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်ကို လိုင်စင်မရှိဘဲလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် ၃ လမှ အများဆုံးထောင်ဒဏ် ၁ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၃၄။ လိုင်စင်ရရှိသူ မည်သူမဆို–

(က) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းကို အကြောင်းပြု၍ သက်ဆိုင်ရာ လိုင်စင်အရ ခွင့်ပြုထားသော လုပ်ငန်းလုပ်ကိုင်သည့်နေရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသည့်ကိစ္စရပ်မှအပ အခြားလုပ်ငန်းတစ်ရပ်ရပ်ကို ခွင့်ပြုချက် သို့မဟုတ် လိုင်စင်မရှိဘဲလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်၊

(ခ) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းကို အကြောင်းပြု၍ သက်ဆိုင်ရာ လိုင်စင်အရ ခွင့်ပြုထားသော လုပ်ငန်းလုပ်ကိုင်သည့်နေရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသည့် ကိစ္စရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

၃၅။ လိုင်စင်ရရှိသူမည်သူမဆို ဤဥပဒေအရမိမိရရှိသောလိုင်စင်ကို သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော ဗဟိုအဖွဲ့ သို့မဟုတ် ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးဦးအား လွှဲပြောင်းကြောင်း သို့မဟုတ် ငှားရမ်းကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၃ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း(၁၆)

အထွေထွေ

၃၆။ ကျန်းမာရေးဝန်ကြီးဌာနသည်–

(က) ဗဟိုအဖွဲ့နှင့် ဤဥပဒေအရ ဗဟိုအဖွဲ့က ဖွဲ့စည်းသော အခြားအဖွဲ့အစည်းများ၏ ရုံးလုပ်ငန်းကို ... ကုန်ကျစရိတ်ကို ကျခံရမည်၊

(ခ) ဗဟိုအဖွဲ့နှင့် ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်တို့က ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရမည်။

၃၇။ ဤဥပဒေအာဏာမတည်မီက ၁၉၇၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေအရ မှတ်ပုံတင်ခဲ့ပြီးသော ကိုယ်ပိုင်ဆေးကုဂေဟာဖွင့်လှစ်သည့်လုပ်ငန်းကို လုပ်ကိုင်သူသည် မိမိ၏လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေအာဏာတည်သည့်နေ့ရက်မှ ရက်ပေါင်း ၉၀အတွင်း သတ်မှတ်ချက်များနှင့်အညီ ယာယီလိုင်စင်ကို လျှောက်ထားရမည်။ ထို့ပြင်–

(က) ပုဂ္ဂလိကဆေးရုံလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက သားဖွားခန်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်လျှင် ဤဥပဒေအရ သတ်မှတ်ထားသည့် သက်ဆိုင်ရာအင်္ဂါရပ်များနှင့် လိုအပ်ချက်များကို ပြည့်စုံစွာဆောင်ရွက်ပြီး ဤဥပဒေအာဏာတည်သည့်နေ့ရက်မှ ၁ နှစ်အတွင်း ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုင်စင်ကို လျှောက်ထားရမည်၊

(ခ) ပုဂ္ဂလိကအထူးကုဆေးခန်းလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်လျှင် ဤဥပဒေအရ သတ်မှတ်ထားသည့် သက်ဆိုင်ရာ အင်္ဂါရပ်များနှင့် လိုအပ်ချက်များကိုပြည့်စုံစွာ ဆောင်ရွက်ပြီး ဤဥပဒေအာဏာတည်သည့်နေ့ရက်မှ ၉ လအတွင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ လိုင်စင်လျှောက်ထားရမည်။

(ဂ) ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းများမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ခြင်း ဖြစ်လျှင် ဤဥပဒေအရ သတ်မှတ်ထားသည့် သက်ဆိုင်ရာ အင်္ဂါရပ်များနှင့် လိုအပ်ချက်များကို ပြည့်စုံစွာ ဆောင်ရွက်ပြီး ဤဥပဒေအာဏာတည်သည့်နေ့ရက်မှ ၆လအတွင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၃၈။ ဗဟိုအဖွဲ့သည် အများပြည်သူအကျိုးငှာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်အား ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကိုဖြစ်စေ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ကာလကန့်သတ်ချက်ဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၉။ (က) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ခုခုတွင် သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၏ ပေါ့လျော့စွာ ဆောင်ရွက်မှုကြောင့် နစ်နာသူသည် မိမိ၏နစ်နာမှုအတွက်နစ်နာကြေး ရရှိရန်သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးသူအား တရားမ နစ်နာမှုဥပဒေ (Law of Tort)အရ စွဲဆိုနိုင်ခွင့်ရှိသည်၊

(ခ) ပုဒ်မခွဲ(က)အရ စွဲဆိုခြင်းခံရသော တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် သက်ဆိုင်ရာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စီမံခန့်ခွဲရေး နည်းလမ်းဖြင့် အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်မရှိစေရ။

၄၀။ ဤဥပဒေ အာဏာမတည်မီက ကိုယ်ပိုင်ဆေးကုဂေဟာများနှင့် စပ်လျဉ်း၍ ၁၉၇၂ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးဆောင်ရွက်နိုင်သည်၊

၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် တိုင်းရင်းဆေးပညာကို အသုံးပြု၍ ကုသသော ပုဂ္ဂလိကတိုင်းရင်းဆေးရုံ၊ ပုဂ္ဂလိက တိုင်းရင်းဆေးခန်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်–

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဗဟိုအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့သည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

ဝန်ကြီးဦးအောင်သောင်းအား တရုတ်ကုမ္ပဏီဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၅

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Pharmaceutical Foreign Trade Corporation Beijing ကုမ္ပဏီ President Mr. Lizhixin ခေါင်းဆောင်သော အဖွဲ့သည် ယမန်နေ့ညနေ ၅နာရီက နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

တွေ့ဆုံပွဲသို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၅

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး စုပေါင်းခန်းမ၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ရုံးအဖွဲ့မှူးနှင့် ဖိတ်ကြားထားသူများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ စတင် တည်ထောင်သောနေ့ Foundation-Day အထိမ်းအမှတ် အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ပေးအပ်

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က သိပ္ပံပညာထူးချွန် တံဆိပ်(ပထမဆင့်)ရ အဖွဲ့ဝင် ဦးအောင်မြင့်၊ ဝိဇ္ဇာပညာ ထူးချွန်တံဆိပ်(ပထမဆင့်)ရ အဖွဲ့ဝင်ဦးလှမြင့်ဦး၊ စီမံထူးချွန်တံဆိပ်(ပထမဆင့်)ရ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇံလှနှင့် အခြားဂုဏ်ထူးဆောင် တံဆိပ် ရရှိကြသူများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌအား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်က ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ နှစ်(၇၀) ပြည့် အထိမ်းအမှတ် လက်ဆောင်ပေးအပ်ပြီး အဖွဲ့ဥက္ကဋ္ဌကဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များအား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ဆုချီးမြှင့်

ယင်းနောက်အဖွဲ့ဥက္ကဋ္ဌက ဝန်ထမ်းကျင့်ဝတ် ရေးဖြေစာမေးပွဲတွင် အရာရှိအဆင့်နှင့် အခြား အဆင့်တို့၌ ပထမဆုရ ဒေါ်သန္တာမျိုးအောင် ဌာနစုမှူး (လေ့ကျင့်ရေး)နှင့် ဒေါ်နီနီရှိန် (အလယ်တန်းပြ)၊ ဒုတိယဆုရ ဒေါ်နန်းယုဆွေ လက်ထောက်ကထိက (စီးပွားရေး)နှင့် ဒေါ်ချိုသဲဖြူ သုတေသနလက်ထောက် (၂)၊ တတိယဆုရ ဒေါ်ခင်မေဦး လက်ထောက်ကထိကနှင့် ဒေါ်မော်မော်ဝင်း အငယ်တန်းစာရေးတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များက ဗဟိုဝန်ထမ်းတက္ကသိုလ်များ၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများနှင့်ဝန်ထမ်းမိသားစုများမှ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့်အထက် ထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ နှစ်(၇၀) ပြည့် အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုကြသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၅

အင်းစိန်မြို့နယ်ရှိ နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာဆေးဝက်ပါကျောင်းတိုက် (၄၈)ကြိမ်မြောက် အာလိန်ငါးဆင့် အကွေ့တစ်ထောင်၊ အကောက်တစ်ထောင် ဗုဒ္ဓပူဇနိယပွဲ၊ ရဟန်းခံရှင်ပြု၊ သိက္ခာထပ်ပွဲနှင့် သက်ကြီးဝါကြီးပူဇော်ပွဲကို ဧပြီ ၉ရက်မှ၁၉ရက်အထိ ကျင်းပမည်ဖြစ်ရာ ပင့်သံဃာအပါး၁၂၀ ကျော်တို့အား သင်္ကန်းဒွိစုံနှင့် ငွေပဒေသာပင်များ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ ကုသိုလ်ပြုလိုသူများ ဖုန်း–၆၄၀၃၆၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**(က–ပ)**

ရန်ကုန်တိုင်း စာရင်းရုံးမိသားစု ဒုတိယအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း စာရင်းရုံးမိသားစုသွေးလှူရှင် ဝန်ထမ်းမိသားစုများသည် ပြည်သူ့ကျန်းမာရေးအကျိုးပြုရန် ရည်ရွယ်ချက်ဖြင့် ဒုတိယအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီက အမျိုးသားသွေးဌာနတွင် ကျင်းပရာ သွေးလှူရှင် ၄၀ လာရောက်လှူဒါန်းကြသည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ ညွှန်ကြားရေးမှူးဦးသိန်းနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ လိုက်ပါ၍ သွေးလှူရှင်ဝန်ထမ်းများကို အားပေးစကားပြောကြားသည်။ ကျန်းမာရေးဦးစီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာ၊ အမျိုးသားသွေးဌာန တာဝန်ခံ ဒေါက်တာသီတာအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များကလည်း သွေးလှူရှင်များကို အားပေးကူညီခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ငြိမ်းချမ်းမှ စိမ်းလန်းမည်

စိတ်သာရှင်စော ဘုရားဟောဆိုသလို စိတ်ချမ်းသာရေးနဲ့ အခြေခံလိုအပ်ချက်များ ပြည့်စုံရေးတို့ဟာ အလွန်အရေးကြီးပါတယ်။ တစ်ဦးချင်းအတွက် စိတ်အေးချမ်းသာစွာနဲ့နေနိုင်၊ ထိုင်နိုင်၊ စားနိုင်၊ အိပ်နိုင်၊ အလုပ်လုပ်နိုင်ခွင့်ရှိဖို့ အလွန်လိုအပ်ပါတယ်။ ဒီအခြေအနေမျိုးရှိမှ ကျန်တဲ့ လူမှုရေး၊ စီးပွားရေး စတဲ့လုပ်ငန်းတွေကို အားသွန်ခွန်စိုက်ဆောင်ရွက်နိုင်ပြီး "ဖွံ့ဖြိုးတိုးတက်မှု"ဆိုတာရနိုင်ပါတယ်။ တစ်နည်းအားဖြင့် ဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံအချက်တွေထဲမှာ ရပ်ရွာတည်ငြိမ်အေးချမ်းသာယာရေးဟာ အဓိကကျပါတယ်။

ရပ်ရွာတည်ငြိမ်မှုမရှိရင် ခရီးပင်မသွားရဲ၊ အလုပ်ပင်မလုပ်ရဲတော့ဘဲ မလွဲမရှောင်သာသော သာရေးနာရေးသွားဖို့ဆိုတာတောင် မလွယ်ကူပါဘူး။ ၁၉၈၈အရေးအခင်းကာလနဲ့ အဲ့ဒီမတိုင်မီကာလတွေက ဘယ်သွားသွား အိမ်ကိုစိတ်မချရတာနဲ့၊ လမ်းမှာ ဘာများဖြစ်မလဲလို့ ပူပန်နေရတာနဲ့၊ ခရီးသွားနေရတဲ့သူကလဲ အိမ်မှာကျန်နေခဲ့တဲ့သူကို စိတ်မချ၊ အိမ်မှာကျန်နေခဲ့တဲ့သူကလဲ သွားတဲ့သူ ချောချောမောမော ဖြောင့်ဖြောင့်တန်းတန်းမှ သွားနိုင်ပါ့မလားဆိုပြီး စိတ်ပူနေရတာ၊ တယ်လီဖုန်းဆက်သွယ်ရေးတွေကလဲ အခုလို မတိုးတက်သေးတော့ ခရီးသွားတဲ့သူ အိမ်ပြန်ရောက်မှ စိတ်တုံးတုံးချရတော့တယ်။

ဒီကနေ့ မြန်မာနိုင်ငံမှာ ရပ်ရွာအေးချမ်းသာယာနေလို့၊ တရားဥပဒေစိုးမိုးနေလို့ ဒီလိုစိတ်သောကတွေမရှိဘဲ စိတ်အေးချမ်းသာစွာနဲ့သွားနေ၊ လာနေနိုင်ပါပြီ။ ဘာဖြစ်လို့ ဒီကိစ္စကို ဒီလောက်အကြီးအကျယ် ရှေ့တန်းတင်ပြီး ပြောနေရသလဲဆိုတော့ မကြာခင်က နိုင်ငံတစ်ခုမှာ အစည်းအဝေးတက်ရောက်ဖို့ သွားခဲ့ရာမှာ အဲ့ဒီနိုင်ငံရဲ့အခြေအနေက လုံခြုံရေးနည်းပါးလို့ မသွားမီရော၊ ထိုနိုင်ငံမှာ ရောက်ရှိနေဆဲအချိန်မှာရော စိတ်အေးချမ်းသာမှု ကွယ်ပျောက်ခဲ့ရလို့ပါ။

မသွားမီကတည်းကကို အဲ့ဒီနိုင်ငံရောက်ဖူးတဲ့ မိတ်ဆွေတစ်ဦးက ညအပြင်မထွက်ဖို့က အစ၊ တစ်ယောက်တည်းမသွားဖို့ အလယ်၊ ဟိုတယ်အခန်းသော့ကို အသေအချာပိတ်အိပ်ဖို့ အဆုံး နိုင်ငံရပ်ခြားကနေတောင် ဖုန်းဆက်ပြီး တကူးတကမှာရှာပါတယ်။ ဒါကို အိမ်က မရွှေချောသိတော့ "ဖြစ်မှဖြစ်ပါ့မလား"တဲ့။ ဘုရားဂုဏ်တော်တွေရွတ်ဖို့ တတွတ်တွတ်မှာလိုက်တဲ့အပြင် စိပ်ပုတီးတောင် ထည့်ပေးလိုက်ပါသေးတယ်။

ခုနပြောသလို အိမ်မှာ ကျန်နေခဲ့တဲ့သူကလဲ စိတ်ပူနေရပြီ၊ သွားတဲ့သူကလဲ ဟန်နဲ့သာနေရတယ်၊ ဘာဖြစ်မလဲ၊ အဆင်မှပြေပါ့မလားဆိုပြီး စိတ်တထင့်ထင့်နဲ့ပါ။

အဲ့ဒီနိုင်ငံမှာ ကျင်းပတဲ့ အဆင့်မြင့်အစည်းအဝေးက ငါးရက်ကြာအစည်းအဝေးပါ။ အဲ့ဒီအစည်းအဝေးကို နိုင်ငံပေါင်း ၁၀၀ကျော်၊ အဖွဲ့အစည်းပေါင်း ၁၄၀ က လူတစ်ထောင်နီးပါး တက်ရောက်ခဲ့ပါတယ်။ အစည်းအဝေးတက်ရောက်နေစဉ်မှာပဲ "လုံခြုံရေးသတိပေးချက်"ဆိုတဲ့ လုံခြုံရေးအကြံပေးစာစောင်ကို ကိုယ်စားလှယ်တိုင်းထံ လိုက်ဝေပေးပါတယ်။ အဲ့ဒီအထဲမှာ အဲ့ဒီနိုင်ငံရဲ့ လုံခြုံရေးအခြေအနေ အကျဉ်းချုပ်၊ တစ်ကိုယ်ရည် လုံခြုံရေးနဲ့ပတ်သက်ပြီး လိုက်နာရန်ကိစ္စ၊ ငွေပေးရာမှာ အသုံးပြုတဲ့ (credit card) အသုံးပြုခြင်းအပေါ် မမှန်မကန်လုပ်မှု၊ ခရီးသွားလာခြင်း၊ ယာဉ်မောင်းခြင်းပြုတဲ့အခါ သတိထားစရာ၊ လက်နက်အသုံးပြုပြီး ကားအပိုင်စီးခံရပါက ဆောင်ရွက်ရန် နည်းလမ်း၊ လုယက်မှု၊ ခိုးမှု၊ သံတမန် ဆိုင်ရာလုံခြုံရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ လုံခြုံစိတ်ချရသော ဟိုတယ်များ စာရင်း၊ အတိုက်အခိုက်ခံရပါက အကူအညီတောင်းရန်အတွက် လမ်းညွှန်ချက်နဲ့ အရေးကြီးတယ်လီဖုန်းများ စာရင်းဆိုပြီး အပိုင်းလိုက် ရေးသားထားတာ တွေ့ရပါတယ်။

အဲ့ဒီနိုင်ငံကို သွားရောက်ဖို့ လုပ်ကတည်းကိုက နိုင်ငံ ၂၂နိုင်ငံမှ ပုဂ္ဂိုလ်များ ထိုနိုင်ငံသို့ အစည်းအဝေးတက်ရောက်ရန်အတွက် သွားလိုလျှင် ကြိုတင်ပြီး အကြောင်းကြားဖို့၊ ထိုနိုင်ငံမှ လုံခြုံရေးအတွက် ကင်းရှင်းကြောင်း ထောက်ခံစာရမှ ပြည်ဝင်ဗီဇာ ထုတ်ပေးမယ်လို့ ဆိုပါတယ်။ အဲ့ဒီ ၂၂ နိုင်ငံထဲမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ မပါပါ။ တစ်ခါ.... ထိုနိုင်ငံရောက်လို့ နိုင်ငံတွင်းခရီးသွားလိုလျှင်လည်း အချို့ဒေသတွေ သွားဖို့အတွက် လုံခြုံရေးကင်းရှင်းမှု (Security Clearance) ယူပြီးမှသာ သွားရမယ်လို့ ဆိုပါတယ်။

အထက်ပါအပိုဒ်အလိုက် သတိပေးကြေညာချက်တွင် အဲ့ဒီနိုင်ငံရဲ့ မြို့တော်မှာ ဒုစရိုက်မှုဖြစ်ပေါ်တဲ့ အခြေအနေတွေ တိုးပွားနေလို့ လုံခြုံစိတ်ချရသော နေရာမဟုတ်ပါလို့ အသေအချာ ရေးထားပါတယ်။ ဒီအခြေအနေမျိုးမှာ အစည်းအဝေးတက်ရောက်လာတဲ့ ကိုယ်စားလှယ်အနေနဲ့ အတိုက်ခိုက်ခံရတဲ့ဘဝ မကျရောက်ရအောင် အောက်ပါအချက်အလက်များကို လိုက်နာပါ။ ဟိုတယ်မှာ နေတယ်ဆိုရင်လဲ ဟိုတယ်စည်းကမ်းတွေကို လိုက်နာပါလို့ အကြံပြုထားပါတယ်။

(၁) တစ်ကိုယ်ရည် လုံခြုံရေးအတွက်နဲ့ ပတ်သက်ပြီး–

ထိုနိုင်ငံရဲ့မြို့တော်နဲ့၊ ဒုတိယမြို့တော်မှာ လမ်းပေါ်တိုက်ခိုက်၊ လုယက်မှုတွေဟာ နေ့ရောညပါ ဖြစ်ပေါ်နိုင်ပါတယ်တဲ့။ ဒါ့ကြောင့်–

- မြို့တော်ရဲ့အဓိကနေရာကလွဲပြီး ကျန်စိတ်မချရတဲ့နေရာကို မသွားပါနဲ့။
- လမ်းမကြီးတွေကို အသုံးပြုပါ၊ ဖြတ်လမ်းတွေ လမ်းကြိုလမ်းကြားတွေကို အသုံးမပြုပါနဲ့။
- ညအချိန် လုံးဝလမ်းမလျှောက်ပါနဲ့၊ ခရီးတိုတောင်မသွားပါနဲ့၊ သွားလိုလျှင် တက္ကစီနဲ့သွားပါ။
- လမ်းပေါ်မှာ ထိုင်နေတဲ့ ကလေးတွေကို သတိထားပါ၊ သူတို့က ကိုယ့်ဆီကို လာပြီးပြောဆိုလာလျှင် သတိထားပါ၊ ခါးပိုက်နှိုက်တွေ ဖြစ်နိုင်တယ်။ အကောင်းဆုံးကတော့ ကိုယ့်လမ်းကို ကိုယ်သွားပါ။ သူတို့ကို ဥပေက္ခာပြုထားလိုက်ပါ။
- ငွေများများသယ်ပြီး မြို့တွင်းဈေးဝယ်ခရီးမသွားပါနဲ့၊ သွားတဲ့အခါ တန်ဖိုးကြီးတဲ့ လက်ဝတ်လက်စား မဝတ်ပါနဲ့။
- သူစိမ်းကပေးတဲ့ အစားအသောက် မစားမိပါစေနဲ့၊ ဆေးမိပြီး ကိုယ့်ပစ္စည်း အလုခံရနိုင်ပါသတဲ့။
- credit card သုံးရာတွင်လဲ သတိထားပါတဲ့၊ ကိုယ်ရှေ့မှာပဲ (credit card) ငွေပေးချေရသည့်အခါ လက်မှတ်ထိုးရသည့် စာရွက်စာတမ်းမှာ လက်မှတ်ထိုး အတည်ပြုကြောင်း ပြုလုပ်ပါစေတဲ့၊ ငွေအရေအတွက် (amount) ကို ဖြည့်ဆည်းပေးသွင်းရာတွင်လည်း ကိုယ်တိုင်ရေးသွင်းပြီး ဒီစာရွက်လေး ပြန်ရအောင် ပြုလုပ်ပါလို့ အကြံပြုချက်တွေအများကြီး ပေးထားပါတယ်။

ဦးဆောင်း (သစ်တော)

(၂) ခရီးသွားတဲ့အခါ–

တရားဝင်ခရီးသွားလုပ်ငန်းများမှ တက္ကစီကိုပဲ သုံးပါ။ ဒေသ တွင်း လိုင်စင်မရတဲ့ တက္ကစီတွေဟာ စိတ်မချရပါဘူးတဲ့။ မီတာမပါရင် ကိုယ်သွားမယ့်ခရီးအတွက် ဈေးနှုန်းကို ကြိုတင်မေးပြီးမှ စီးပါတဲ့။ မသိတဲ့သူက လမ်းကြုံခေါ်သွားတာကို လိုက်မိတာမျိုး မပြုလုပ်ပါနဲ့။ ကားငှားသုံးရာမှာလဲ နာမည်ပျက် မရှိသေးတဲ့ ကားလုပ်ငန်း ကုမ္ပဏီတွေမှ ကားကိုသာ သုံးပါ။ သို့မှသာ ကားအာမခံ၊ လူအာမခံထားခြင်း၊ ကားကောင်းခြင်းစတဲ့ လိုအပ်ချက်တွေနဲ့ ပြည့်စုံပြီး လိုရာခရီးရောက်မှာ ဖြစ်ပါသတဲ့။

(၃) အများသုံးယာဉ်ဖြစ်တဲ့ ဘတ်စ်ကားကို သုံးမယ်ဆိုရင်တော့–

မီနီဘတ်စ်တွေဟာ သိပ်စိတ်မချရပါဘူး။ ကားမောင်းကြမ်းတယ်။ အဲဒီကားတွေရဲ့ မတော်တဆ ဖြစ်မှုနှုန်းဟာ ကြောက်ခမန်းလိလိ တိုးပွားနေတယ်။ အထူးသဖြင့် နယ်ဘက်သွားတဲ့ ကားတွေမှာ ခါးပိုက်နှိုက်ကို အထူးသတိပြုပါလို့ ရေးထားပါတယ်။

(၄) ကိုယ်တိုင်ယာဉ်မောင်းသွားတဲ့အခါမှာ လိုက်နာရမယ့် အကြံပြုချက်တွေကတော့–

ဒီနိုင်ငံရဲ့ မြို့တော်နဲ့ တောင်ပိုင်းဒေသတွေရဲ့ လမ်းတွေဟာ ညံ့ပါတယ်။ စံချိန်မီဖို့ ပြုပြင်ဖို့တွေ အများကြီး ကျန်ပါသေးတယ်။

- ကားမောင်းတဲ့အခါ မမျှော်လင့်နိုင်သော နေရာတွေကနေ အဆိုးရွားဆုံး အခြေအနေတွေနဲ့ ကြုံတွေ့နိုင်တယ်လို့ခံယူပြီး စိတ်ဓာတ်မြှင့်တင်ထားပါ။
- ကားတံခါးတွေကို လုံခြုံစွာပိတ်ပြီး ကားထဲရှိ အဖိုးတန်ပစ္စည်းတွေကို အပြင်ကနေ မမြင်နိုင်အောင် သေချာစွာ သိမ်းထားပါ။
- ကားမှန်တံခါးကို လက်တစ်နှိုက်သာဖွင့်ထားခဲ့မိလို့ မီးပွိုင့်မှာ ခဏရပ်စောင့်နေရဆဲ အဲ့ဒီပွင့်နေတဲ့ နေရာကနေ ကားထဲရှိ ဆွဲကြိုးတို့ အိတ်တို့ကို အလွယ်တကူ လုယူသွားနိုင်ပါတယ်တဲ့။
- အကယ်၍ ကိုယ်က မြို့တော်ရဲ့အပြင်ဘက်မှာရှိတဲ့နေရာကို သွားနေတယ်ဆိုရင် ညပိုင်းကို ဘယ်တော့မှ ကားမမောင်းပါနဲ့တဲ့။
- ကိုယ်ဘယ်သွားမယ်၊ ဘယ်အချိန် ပြန်လာမယ်ဆိုတာကို တစ်ယောက်ယောက်ကို အသိပေးထားခဲ့ပါ။
- ကားငှားသုံးမယ်ဆိုရင် ကားကောင်းမကောင်း ကြည့်ပါ။
- လိုအပ်တဲ့ ကားအပိုပစ္စည်း၊ ကိုယ်စားဖို့ အစားအသောက် ယူသွားပါ။ (အခက်အခဲနဲ့ကြုံနေခိုက် အစာရေစာမပြတ်ရအောင်)
- လမ်းပေါ်မှာ ကူညီမလိုလိုမျက်နှာနဲ့ လာတဲ့သူတွေကို အရောတဝင် မလုပ်မိပါစေနဲ့။ တချို့က ကားကိုရပ်အောင်လုပ်ပြီး လုယူသွားတာမျိုး ရှိပါသတဲ့။

(၅) ခရီးသွားနေဆဲ လက်နက်အားကိုးပြီး ကားအပိုင်စီးခံရရင်

အဲဒီကိစ္စမျိုးဟာ ဒီနိုင်ငံမှာ ဖြစ်နေကျပါ။ ကိုယ်စီးတဲ့ကားကို အပိုင်စီးခံရရင် အလျှော့ပေးလိုက်ပါ။ သူတို့ (အပိုင်စီးသူ) ပြောသလိုလုပ်ပါ။ မခုခံပါနဲ့၊ မောင်းပြီးထွက်ပြေးဖို့ မကြိုးစားပါနဲ့၊ သူတို့ပြောသလိုလုပ်ရင် ကိုယ့်အသက် ချမ်းသာရာ ရနိုင်ပါသတဲ့။

(၆) ခိုးဝှက်မှုနဲ့ပတ်သက်ပြီး–

ဟိုတယ်ကနေပြန်တော့မယ်ဆိုရင် ကိုယ့်ရဲ့ပိုက်ဆံအိတ်၊ လက်ဆွဲအိတ်၊ အိတ်သေးသေးတွေကို ပါ–မပါ သတိပြုပါ။ ဒီပစ္စည်းတွေက သူခိုးတွေအဓိကမျက်စိကျတဲ့ ပစ္စည်းလေးတွေပါ။ မကြာခဏလဲ ဟိုတယ်တွေရဲ့ နားနေဆောင်မှာ အခိုးခံရတဲ့ ပစ္စည်းအမျိုးအစားတွေ ဖြစ်ပါတယ်။ ဒီပစ္စည်းတွေကို မျက်ခြည်ပြတ် မခံပါနဲ့တဲ့။

ဒီနိုင်ငံမှာရှိတဲ့ ကမ္ဘာ့အဖွဲ့အစည်းမှာ လုပ်ကိုင်သော ဝန်ထမ်းများ၊ သံတမန်များအတွက် အထူးရဲတပ်ဖွဲ့ ၄၂၀ ခန့်ထားပါတယ်။ သူတို့ဟာ ဖော်ပြပါပုဂ္ဂိုလ်များကို ကူညီနေပါတယ်။ အကြံဉာဏ် တောင်းရင်လဲ ပေးပါတယ်။

(၇) ဒုက္ခရောက်ခဲ့ရင်–

အကယ်၍ ဒုက္ခကြုံတွေ့နေရရင် အဖွဲ့အစည်းကြီးဆီမှ တာဝန်ကျ အရာရှိကို ဆက်သွယ်ပါ။ သူက လိုတာကူညီပေးပါလိမ့်မယ်။ ဆက်သွယ်ရမယ့် တယ်လီဖုန်းအမှတ်တွေကိုလဲ ဖော်ပြထားပါတယ်။ ကိုယ့်ရဲ့အဆင့်အတန်းကို ပြောပြပါ။ ကူညီပါမယ်တဲ့။

ကဲ... သူတို့နိုင်ငံရဲ့ လုံခြုံရေး အခြေအနေတွေကို ဒီလောက်ဆိုရင် အကဲခတ်နိုင်ပြီလို့ ယူဆပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒီကိစ္စမျိုးတွေ လာတဲ့ဧည့်သည်ကို မဖွယ်မရာပြုတဲ့ စရိုက်တွေ မရှိသလောက် နည်းပါးပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ငွေကြေးဥစ္စာ မပြည့်စုံသေးပေမယ့် စိတ်ဓာတ်ရေးရာနိမ့်ကျတဲ့ လူမျိုးမဟုတ်ဘူးဆိုတာ လက်မထောင် ပြောရဲပါတယ်။ ဂုဏ်ယူစရာပါ။ ကျွန်တော်တို့လူမျိုးရဲ့ သူတစ်ပါးကို (အထူးသဖြင့်) ကိုယ့်ဆီလာတဲ့ ဧည့်သည်ကို ကူညီချင်တာ၊ ကျွေးမွေးချင်နေတာ၊ မေးရင်ပြောချင်နေတာ၊ ဧည့်ဝတ်ကျေချင်တာ အားလုံးကို ခြုံပြောရရင် လူ့ယဉ်ကျေးမှု ထွန်းကားပြီးသားပါ။

ကျွန်တော်တို့နိုင်ငံဟာ ရေ၊ မြေ၊ တော၊ တောင်၊ တွင်းထွက်ပစ္စည်းစတဲ့ သဘာဝသယံဇာတတွေနဲ့ ကြွယ်ဝတဲ့နိုင်ငံပါ။ သဲကန္တာရမဟုတ်ပါဘူး။ သို့သော်လဲ တိုင်းတစ်ပါးရဲ့ သွေးခွဲမှုဒဏ်ခံရပြီး အချင်းချင်းမညီမညွတ်ဖြစ်နေလို့ နှစ် ၅၀ ကျော် ကိုယ့်အချင်းချင်း တိုက်ခိုက်နေရပြီး ရလဒ်အနေနဲ့ဖွံ့ဖြိုးမှု နောက်ကျခဲ့ရတာပါ။ ဒါကလဲ သူများရဲ့သွေးထိုးသပ်လျှိုစကားတွေကို နားယောင်မိခဲ့လို့ ဖြစ်ရတာများပါတယ်။

ရှင်းပါတယ်။ မတည်ငြိမ်ရင် မငြိမ်းချမ်းရင် ဖွံ့ဖြိုးအောင်လုပ်လို့ မရပါဘူး။

ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ၊ စာရေးသူတို့ရဲ့ သစ်တောဝေါဟာရစကားနဲ့ ပြောရရင် စိမ်းလန်းဖို့ဆိုရာမှာ ငြိမ်းချမ်းဖို့လိုအပ်ပါတယ်။ ကျောင်း၊ ဆေးရုံ၊ လမ်း၊ တံတားစတဲ့ အခြေခံတည်ဆောက်ရေးလုပ်ငန်းအဝဝကို ငြိမ်းချမ်းမှသာ ဆောင်ရွက်နိုင်ပြီး ဒီအဆောက်အအုံတွေအပေါ်မှာ ထပ်ဆင့်အခြေခံပြီး တစ်မျိုးသားလုံး ပညာ၊ ကျန်းမာ၊ ဥစ္စာ၊ အသိပညာတို့ ပြည့်စုံမြင့်တက်လာတာနဲ့အမျှ ဖွံ့ဖြိုးသောနိုင်ငံအဖြစ် တိုးမြှင့်တည်ဆောက်နိုင်မှာပါ။

နိဂုံးချုပ်အနေနဲ့ကတော့ တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းမှုအရသာကို ခံစားနေရသော ကျွန်တော်တို့မြန်မာပြည်သူပြည်သားများရဲ့ ကုသိုလ်ဟာ ထူးခြားလှပါတယ်။ **နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံမှာ ယနေ့ ရရှိတည်ဆောက်ပြီးဖြစ်နေတဲ့ ငြိမ်းချမ်းရေးကို မပျောက်မပျက် မဆုံးရှုံးရအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြစေချင်ပါတယ်။ ငြိမ်းချမ်းမှ တိုင်းပြည်လည်း စိမ်းလန်းလာမည်၊ ဖွံ့ဖြိုးတိုးတက်လာမည် ဆိုတဲ့အကြောင်း ခရီးသွားအတွေ့အကြုံလေးကို အကြောင်းပြုပြီး တင်ပြလိုက်ရပါတယ်။ ။**

နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံမှာ ယနေ့ ရရှိတည်ဆောက်ပြီး ဖြစ်နေတဲ့ ငြိမ်းချမ်းရေးကို မပျောက်မပျက် မဆုံးရှုံးရအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြ။ ငြိမ်းချမ်းမှ တိုင်းပြည်လည်း စိမ်းလန်းလာမည်၊ ဖွံ့ဖြိုးတိုးတက်လာမည်။

● *ကျောဖုံးမှ*

မြေလွတ်မြေရိုင်းများကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်ဆောင်ရွက်လျက်ရှိသည့် နမ့်ဖြတ်ကျေးရွာအနီးရှိ ယုဇနကုမ္ပဏီ၏ ကြံဧက နှစ်သိန်း စိုက်ပျိုးရေးလုပ်ငန်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ညှိနှိုင်းဆောင်ရွက်

စီမံကိန်း ရှင်းလင်းဆောင်တွင် ယုဇနကုမ္ပဏီ စီမံကိန်းမန်နေဂျာ ဦးဆန်နီက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ပံ့ပိုးညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ယုဇနကုမ္ပဏီမှ ဦးဌေးမြင့်နှင့်အတူ မြေလွတ်မြေရိုင်းများကို စိုက်ခင်းဖော်ထုတ်နေသည့် လုပ်ငန်းခွင်အတွင်းသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် တနိုင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ဒေသခံတိုင်းရင်းသားများနှင့် တိုင်းရင်းသူ ကလေးငယ်များ၏ စုပေါင်းရှင်ပြုနှင့် နားထွင်းမင်္ဂလာ အခမ်းအနားကျင်းပနေသည့် တနိုင်းမြို့ ထေရဝါဒ တောင်တန်း ဗုဒ္ဓသာသနာပြု ကျောင်းတိုက်သို့ ရောက်ရှိကြပြီး တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသား ၊ မြို့မိ မြို့ဖများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ လက်ဆောင်ပစ္စည်းနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် တနိုင်းမြို့ရှိ ဇေယျာသီရိ စာသင်တိုက်အတွင်း တည်ထားကိုးကွယ်မည့် သီရိမင်္ဂလာ ရွှေတိဂုံပုံတူစေတီတော် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြ၍ စေတီတော်တည်ဆောက်ရေး အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တတေဇနိယအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တနိုင်းချောင်း ချောင်းကူး တံတားသို့ ရောက်ရှိကြပြီး တံတားကြံ့ခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြပြီး တံတားတိုင်များ ရေတိုက်စားမှုကာကွယ်နိုင်မည့် အစီအမံများကို တာဝန်ရှိသူများအား မှာကြားကြသည်။

အမှာစကားပြောကြား

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တနိုင်းမြို့နယ်မှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဟူးကောင်းခန်းမ၌ တွေ့ဆုံကြပြီး အမှာစကား ပြောကြားကြသည်။

အခမ်းအနားတွင် တနိုင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးစိုင်းလုက ရှင်ဗွေယံမြို့မှအသင်းဝင်အဆိုပြုလွှာ ၇၂၀ကို ပေးအပ်ရာ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျူက လက်ခံသည်။

ထို့နောက် တိုင်းမှူးက ဒေသခံများအတွက် အဝတ်အထည်များကိုလည်းကောင်း၊ ဝန်ကြီးက ဒေသခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက် ဖြန့်ဝေပေးမည့် ဆက်သွယ်ရေးကွန်ရက်တစ်ခုထူထောင်နိုင်ရန် PAC (Public Access Center) တစ်ခု တပ်ဆင်မည့် စက်ပစ္စည်းများကို လည်းကောင်း၊ ဒေသတွင်း လမ်းဖောက်လုပ်ရေးအတွက် စက်သုံးဆီနှင့် ဘိလပ်မြေအိတ်များကို လည်းကောင်း ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တနိုင်းမြို့ ဆက်သွယ်ရေးရုံးသို့ ရောက်ရှိကြပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေး၍ အိတ်ချိန်းစက်ခုံကို ကြည့်ရှုစစ်ဆေးကြသည်။ ဝန်ကြီးက တနိုင်းမြို့ဒေသလူထုဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် လက်ရှိလိုင်းအင်အားကို ထပ်မံတိုးချဲ့မည့် အစီအမံများကိုမှာကြားသည်။ **(သတင်းစဉ်)**

မဟာသင်္ကြန်ရက်များအတွင်း ရေပေးဝေမည့်အစီအစဉ်

ရန်ကုန် မေ ၅

၁၃၆၈ ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အရေးကြီးနယ်မြေများ၌ ၂၄ နာရီ ရေပေးဝေထားမည်ဖြစ်ပြီး သင်္ကြန်အကျနေ့ (ဧပြီ ၁၄ရက်)၊ အကြတ်နေ့(ဧပြီ ၁၅ရက်)နှင့် သင်္ကြန် အတက်နေ့(ဧပြီ ၁၆ရက်)တို့တွင် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်နှင့် ပုဇွန်တောင်မြို့နယ်တို့၌ ၂၄ နာရီ ရေပေးဝေထားမည်ဖြစ်သည်။

ကျောက်တံတား၊ လမ်းမတော်၊ လသာ၊ ဗဟန်း၊ ဒဂုံနှင့် ပန်းဘဲတန်းမြို့နယ်များတွင် နံနက် ၇နာရီမှ ၁၁နာရီအထိ တစ်ကြိမ်၊ ညနေ ၃နာရီမှ ၆နာရီအထိတစ်ကြိမ် ရေပေးဝေမည်ဖြစ်ပြီး အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့၌ နံနက်၇ နာရီ မှ ၉ နာရီအထိ ရေပေးဝေသွားမည်ဖြစ်သည်။

မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သဃ်္ဃန်းကျွန်း၊ သာကေတနှင့် ဒေါပုံမြို့နယ်တို့၌ မူလရေပေးဝေချိန်အတိုင်း ဆက်လက်ပေးဝေသွားမည်ဖြစ်သည်။ (၁၃၆၈ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်) (ဧပြီ ၁၇ရက်)မှစ၍ မြို့နယ်အားလုံးကို မူလပုံမှန် ရေပေးဝေချိန်အတိုင်း ဆက်လက်ပေးဝေသွားမည်ဖြစ်သည်။

သတ်မှတ်ရေပေးဝေချိန်အတွင်း ရေပိုက်များ၊ အရေးပေါ်ပြင်ဆင်ရန် လိုအပ်ပါက သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ တာဝန်ချထားသည့် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဝန်ထမ်းများထံ ဆက်သွယ်အကူအညီတောင်းခံနိုင်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဖုန်း-၂၄၉၆၅၅၊ ၂၄၃၅၅၀၊ ၃၈၂၉၉၀၊ ၆၆၀၃၄၀ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ် ၇၄/ကနေ ဦးကျော်တင်-ဒေါ်အေးအေးမှန်မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလုထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်း လှူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေ ကျပ်သုံးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း နာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)က လက်ခံယူစဉ်။ (က-ပ)

ငမိုးရိပ်တံတား(ကမာကြည့်)တည်ဆောက်ရေးလုပ်ငန်း ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှု

ရန်ကုန် မေ ၅

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၉နာရီက သုဝဏ္ဏမြို့နှင့် သာကေတမြို့တို့ကိုဆက်သွယ်ပေးသည့်ငမိုးရိပ်ချောင်းကို ဖြတ်သန်း၍ တည်ဆောက်လျက်ရှိသည့် ငမိုးရိပ်တံတား(ကမာကြည့်) စီမံကိန်းရုံးသို့ရောက်ရှိပြီး စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူးဦးဟန်စိုးကတံတားကြီး တည်ဆောက်ပြီးစီးမှုနှင့် မကြာမီဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဝန်ကြီးအား ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးက အချောသတ်လုပ်ငန်းများကို လက်ရာသေသပ် ကောင်းမွန်အောင် ဆောင်ရွက်ရန် မှာကြားပြီး ဆောက်လုပ်ပြီးစီးနေသော တံတားကြီးကို ကြည့်ရှုစစ်ဆေး၍ ငမိုးရိပ်တံတား (ကမာကြည့်)မှ ပြန်လည်ထွက်ခွာသွားသည်။

မကြာမီဖွင့်လှစ်တော့မည်

ငမိုးရိပ်တံတား(ကမာကြည့်)မှာ တံတားအောက်ထည် အုတ်မြစ် လွန်တူးပိုင်တိုင်နှင့် သံကူကွန်ကရစ်တိုင်ဖြစ်၍ တံတားအပေါ်ထည်မှာကြိုတင်အားဖြည့် သံကူကွန်ရက်မနှင့် သံကူကွန်ကရစ်ရက်မ အမျိုးအစားဖြစ်ပြီး အရှည်ပေ ၉၇၀ တံတားခံနိုင်ဝန် ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။ ယခုအခါ တံတားကြီးနှင့် ချဉ်းကပ်လမ်းလုပ်ငန်းများ အားလုံးပြီးစီးလျက်ရှိပြီး မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိမလာရာမဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် မေ ၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း ၃ လမ်း ဝိမလာရာမနတ်ညွှန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိမလအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဖြင့် ဆက်ကပ်ပူဇော်ပြီးဖြစ်ပါ၍ ဆရာတော်၏တပည့် ဒါယကာ ဒါယိကာမ အပေါင်းတို့က ထပ်ဆင့် ဂုဏ်ပြုပူဇော်ပွဲကို ၁၃၆၉ခု ကဆုန်လပြည့်ကျော် ၆ ရက် (မေ ၆ ရက်)တနင်္ဂနွေနေ့တွင် ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းပူဇော်လိုသူများ ကျောင်းတိုက်ဖုန်း-၃၈၀၅၆၈၊ ပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေ ဖုန်း-၀၉-၅၁-၀၅၄၀၀၊ အတွင်းရေးမှူး ဦးကျော်ဝင်း ဖုန်း-၅၆၅၄၈၂၊ ဘဏ္ဍာရေးမှူး ဒေါက်တာရွှေထွန်း ဖုန်း-၀၉-၅၀-၁၁၆၈၇ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ အစဉ်အဆက်ထိန်းသိမ်း လူတော်လူကောင်း မျိုးဆက်သစ်လူငယ်များပေါ်ထွန်းရေး အလေးထား

ရန်ကုန် မေ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်သည် ဧပြီ ၂ ရက် နံနက်ပိုင်းက အင်းစိန်မြို့နယ် ဖန်စက်လမ်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်ရုံးခန်းမ၌ကျင်းပသော စည်းရုံးရေးသင်တန်း အမှတ်စဉ် (၂၈)နှင့် နွေရာသီသင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

သင်တန်းဆင်းပွဲ သို့ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လတ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အလုပ်အမှုဆောင်များ၊ အင်းစိန်မြို့နယ် အသင်း ခေတ္တအတွင်းရေးမှူး၊ ရပ်ကွက်အသင်းစည်းရုံးရေးမှူးများနှင့်အမှုဆောင်များ၊ သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း ၁၅၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင် အင်းစိန်မြို့နယ် တာဝန်ခံ ဝန်ကြီး ဦးခင်မောင်မြင့်က သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် အသင်းဝင်အားလုံးအနေဖြင့် စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားနေစေရန် အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်နေရန် အထူးလိုအပ်လျက်ရှိကြောင်း၊ အရည်အချင်း၊ အရည်အသွေး မြင့်မားလာစေရန် ယခုကဲ့သို့ စည်းရုံးရေး သင်တန်းများ၊ နွေရာသီသင်တန်းများကို ဖွင့်လှစ် လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ ခေတ်မီနိုင်ငံတော်အတွက် လူတော် လူကောင်း မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရေး အလေးထား ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ယနေ့ လူငယ်လူရွယ် အသင်းဝင်အားလုံး လူချွန်လူကောင်း ဖြစ်စေရေးနှင့် ဒေသအကျိုး၊ နိုင်ငံအကျိုး ထမ်းရွက်နိုင်သည့် နိုင်ငံ့ရတနာကောင်းများဖြစ်ရန် အထူးကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားသည်။

ဆုချီးမြှင့်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဦးခင်မောင်မြင့်က သင်တန်းတွင် လူထုဟောပြောနည်း စည်းရုံးရေး ထူးချွန်ဆုရရှိသူများအားလည်းကောင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက သင်တန်းစံပြဆုရရှိသူများအား လည်းကောင်း၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက မှတ်တမ်းမှတ်ရာ ထူးချွန်ဆုရရှိသူများအား လည်းကောင်း၊ အင်ဂျင်နီယာချုပ် ဦးထွန်းအေးက ရေးဖြေထူးချွန်ဆု ရရှိသူများအား လည်းကောင်း၊ အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်က လူမှုရေးရာ ထူးချွန်ဆုရရှိသူများအား လည်းကောင်း ဆုများအသီးသီး ချီးမြှင့်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဆင်းပွဲ အခမ်းအနား အပြီးတွင် ဗဟို အလုပ်အမှုဆောင် ဝန်ကြီး ဦးခင်မောင်မြင့်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ Singapore Association of Myanmar(SAM)က အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဘက်စုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ Singapore Association of Myanmar(SAM)က လှူဒါန်းသော အလှူငွေများကို ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဒေါ်အေးအေးနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ Singapore Association of Myanmar (SAM) လှူဒါန်းသောငွေကျပ် ၄၃သမ ၂သန်းကို ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် Singapore Association of Myanmar (SAM) ဥက္ကဋ္ဌ Mr. Richard Koh က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များသည် ခန်းမအတွင်း ပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ပြည်နယ်၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးတို့သည် ဝဲပျံ့ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သာသနာရေးရာများ လျှောက်ထားသည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ မွန်ပြည်နယ်နှင့် မော်လမြိုင်ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မော်လမြိုင်ခရိုင်အတွင်းမှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက သက်ဆိုင်ရာမြို့နယ်အလိုက် အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်သိန်းတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ်သို့ ရောက်ရှိကြပြီး တက္ကသိုလ်ခန်းမ၌ မော်လမြိုင်တက္ကသိုလ်မှ ဆရာ ဆရာမများ အခြေခံပညာအထက်တန်းအဆင့် ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာပြ ဆရာ ဆရာမများ၊ မွမ်းမံသင်တန်း တက်ရောက်နေကြသော ဆရာ ဆရာမများအား တွေ့ဆုံသည်။

ပညာရည်မြင့်မားရေး

အခမ်းအနားတွင် ရှေးဦးစွာ မော်လမြိုင် တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးထွန်းသိန်း၊ ပြည်နယ် ပညာရေးမှူး ဦးထွန်းရီနှင့် အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းကြည်တို့က ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများကိစ္စ၊ အခြေခံပညာကျောင်းများ၌ သင်ထောက်ကူ စာသင်ခန်းများ ဖွင့်လှစ်ပြီးစီးမှုကိစ္စနှင့် ပညာရည် တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်က အစီအမံများ ချမှတ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပဓာနကျ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် ယနေ့ ပညာရေးကဏ္ဍမှ ဆရာ ဆရာမများ၏ သင်ကြားမှုစွမ်းရည် မြင့်မားမှုသည် ပဓာနကျကြောင်း၊ သင်ကြားပေးရသည့် ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်နေမှသာ တပည့်များကို ထိထိရောက်ရောက် ပြန်လည်သင်ကြားပေးနိုင်ပြီး ကျောင်းသား ကျောင်းသူများ အမှန်တကယ် ကျွမ်းကျင်တတ်မြောက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံပညာ ဆရာ ဆရာမများအား ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချရခြင်းဖြစ်ရာ မိမိတို့ လေ့လာဆည်းပူးရသော ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်အောင် သင်ယူဆည်းပူးကြပြီး တပည့်များအား ပြန်လည်ပို့ချပေးကြရန်ဖြစ်ကြောင်း မှာကြားပြီး တက်ရောက်လာကြသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရောက်ရှိ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်-မုဒုံလမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာကြရာ မုဒုံမြို့နယ် သာယာကုန်းကျေးရွာရှိ ခြံစည်းရိုးကြက်ဆူပျိုးခင်း၌ ကျင်းပသော မွန်ပြည်နယ် ခြံစည်းရိုးကြက်ဆူပျိုးပွဲသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မုဒုံမြို့နယ် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များ ပေးအပ်သည်။

ဆက်လက်၍ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက ပြည်နယ်အဆင့် တာဝန်ရှိသူများအား ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းတို့သည် ခြံစည်းရိုး ကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များ၌ ပျိုးထောင်ပေးကြပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ ပျိုးခြံအတွင်း စိုက်ပျိုးထားသော ပျိုးပင်များနှင့် မြေပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား မွန်ပြည်နယ် မြန်မာ့စိုက်ပျိုးရေး မန်နေဂျာက မွန်ပြည်နယ်၏ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှုတို့နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ပြည့်မီအောင်စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ခြံစည်းရိုးကြက်ဆူကို ပြည်နယ်အနေဖြင့် သတ်မှတ်ထားသော ဧကေါ်သိန်းပြည့်မီအောင် အလေးထား၍ စိုက်ပျိုးသွားကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မော်လမြိုင်-မုဒုံ-သံဖြူဇရပ်-ရေးကားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြပြီး လမ်းဘေးဝဲယာ၌ စိုက်ပျိုးထားရှိသော ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ရေးမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် ယင်းဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ကြည်နူးဖွယ်အလှ

* ညို့ညို့မှိုင်းမှိုင်း၊ တောင်တွေဝိုင်းသည့်
ကျိုင်းတုံမြို့ဆီ ရောက်ခဲ့သည်။
* ယခုတစ်ခေါက်၊ ကျိုင်းတုံရောက်သော်
ဖောက်လုပ်ပြီးသား၊ လမ်းသစ်များနှင့်
ပျားပန်းခပ်မျှ၊ စည်းကားလှသည်
ကြွယ်ဝဖွံ့ဖြိုးနေတကား။
* "မြို့နှင့် ကျေးလက်၊ ဆက်သွယ်သည့်လမ်း
ကျေးရွာချင်းယှက်၊ ဆက်သွယ်သည့်လမ်း
ခရိုင်ချင်းယှက်၊ ဆက်သွယ်သည့်လမ်း
ပြည်နယ်ချင်းယှက်၊ ဆက်သွယ်သည့်လမ်း"
လမ်းအထွေထွေ၊ ပန်းတွေဝေလျက်
နယ်မြေအေးချမ်း သာဘိတောင်း။
* သြော် ...
ကျိုင်းတုံမှသည်၊ မိုင်းလားဆီသို့
တစ်လီခရီး၊ မြို့တောင်ကြီးသို့
တစ်နည်းလှမ်းချိတ်၊ တာချီလိတ်သို့
စိတ်တိုင်းကျရောက်၊ ခရီးပေါက်ကာ
ဖောက်ကားရောင်းဝယ်၊ ကုန်သွယ်ဖြောင့်ဖြူး
ပျော်ရွှင်မြူးသည်
ကြည်နူးဖွယ်ရာအလှတည့်။ ။ စိုင်းသိန်း(ကျိုင်းတုံ)

မြန်မာ့ရုပ်မြင်သံကြား

၆-၄-၂၀၀၇ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ရိုးရာကျေးလက်ကစားနည်း
၈:၀၀	၆။	ကြေးမုံရိပ်သွင်တေးနှယဉ်
၈:၁၀	၇။	ရန်ကုန်တိုင်း ပေါင်းလင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံ
၈:၂၀	၈။	ခါသကြိ်န်အဆိုအကများ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Happy and Educational English Summer Course MRTV

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	တေးသရုပ်ဖော်အစီအစဉ်
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု)(စီးပွားရေးပညာ)
၁၆:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၀	၆။	မြန်မာစာမြန်မာစကား
၁၇:၂၀	၇။	နှောင်းခေတ်တေးပဒေသာ
၁၇:၃၅	၈။	**"မင်းမသိသေးပါဘူးကွာ"** (ဧရာ၊ငှက်ပျော်ကြော်၊ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင်) ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၇:၄၅	၉။	ခါသကြိ်န် အဆိုအကများ
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ်ရွက်ကလေး၏ ရင်ခုန်သံ"** (အပိုင်း-၁၃)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာနွေဦး"** (အပိုင်း-၂၆)

မြန်မာ့အလင်း အင်တာနက် ဟော့ပိတ်သတင်း

ရထားလမ်းကြောင်းပြောင်းစဉ် လမ်းဆုံးတိုင် ဝင်တိုက်မိ လူ ၇၁ ဦး ဒဏ်ရာများရရှိ

ပါရီ ဧပြီ ၅

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ မီးရထားဘူတာကြီး၌ ဧပြီ ၅ ရက်က ကွန်ပျူတာရထားတစ်စင်း လမ်းကြောင်းပြောင်းစဉ် ရထားလမ်းဆုံးတိုင်ကို ဝင်တိုက်ပြီး ပြန်ဆောင့်ထွက်ခွာသွားသဖြင့် လူ ၇၁ ဦး ဒဏ်ရာရရှိသွားကြောင်း ဧပြီ ၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

မတော်တဆ

ယင်းဖြစ်စဉ်မှာ အဆိုပါရထားသည် ပါရီမြို့ ဂါရီဒီအရပ်၌ ဒေသစံတော်ချိန် နံနက် ၈နာရီခွဲတွင် လမ်းကြောင်းပြောင်းစဉ် မတော်တဆဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုက်မိ

၎င်းရထားသည် အရှိန်လျှော့မောင်းနှင်သော်လည်း လမ်းဆုံးရှိ တိုင်ကိုတိုက်မိပြီး ခရီးသည်များ အောက်သို့ပြုတ်ကျခဲ့သဖြင့် ဒဏ်ရာရရှိမှုများ ဖြစ်ခဲ့ရသည်ဟု ဆိုသည်။ အထက်ပါ ဒဏ်ရာရသူများအနက် ၅၈ဦးကို အရေးပေါ်ဆေးရုံများသို့ တင်ပို့လိုက်ရကြောင်း ကျန်ထိခိုက်ဒဏ်ရာရသူများမှာ ဒဏ်ရာအနည်းငယ်စီသာရရှိကြောင်း ပါရီ မီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။ **(အင်တာနက်)**

ရဟန်းခံ ရှင်ပြု အကြိုဓမ္မပူဇာသဘင်

ရန်ကုန် ဧပြီ ၅

တာမွေမြို့နယ် ဗျိုင်းရေအိုးစင် (ရွာမ)ရပ်ကွက် ဓမ္မာရုံတွင် ရဟန်းခံရှင်ပြု အကြိုတရားပွဲ ဓမ္မပူဇာသဘင် ကျင်းပမည်ဖြစ်ရာ ဧပြီ ၇ ရက်(စနေနေ့) ည ၈ နာရီတွင် ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း-ရွှေဟင်္သာ)ကလည်းကောင်း ဧပြီ ၈ ရက် (တနင်္ဂနွေနေ့)ည ၇ နာရီတွင် အရှင်ကောသလ္လ(မွန်ပြည်နယ်-မုဒုံ)ကလည်းကောင်း၊ ဧပြီ ၉ ရက် (တနင်္လာနေ့) ည ၇ နာရီတွင် အရှင်ကောဝိဒ(မရွှိမဂုဏ်ရည်)ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှမ်းပြည်နယ်အတွင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရှမ်းပြည်နယ်(တောင်ပိုင်း) တာဝန်ခံ ဗဟိုအလုပ်အမှုဆောင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် မေ ၂ ရက် နံနက် ၇ နာရီခွဲက တောင်ကြီး မြို့မဈေးတတိယထပ်၌ ဖွင့်လှစ်ထားသော ရှမ်းပြည်နယ်(တောင်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ကုန်စည်ဒိုင်သို့ ရောက်ရှိပြီး ကုန်စည်ဒိုင်အတွင်း ရှမ်းပြည်နယ်ထွက် ပဲအမျိုးမျိုးနှင့်သစ်သီးဝလံများ ဈေးနှုန်းသတ်မှတ်ရောင်းချနေမှုနှင့် ကုန်ဈေးနှုန်းသတင်း ထုတ်ပြန်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကုန်စည်ဒိုင်မှ တစ်ပြည်လုံးရှိ နေ့စဉ် ကုန်စည်ဈေးနှုန်းများကို အချိန်မီ ထုတ်ပြန်ပေးလျက်ရှိသည့်အပြင် ဒေသခံများက ရောင်းချလိုသော ကုန်စည်များကိုလည်း ဈေးနှုန်း သတ်မှတ်ပေးခြင်း၊ ဝယ်လိုသူများနှင့် ချိတ်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

အားပေးစကားပြောကြား

ယင်းနောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရှမ်းပြည်နယ်(တောင်ပိုင်း) တာဝန်ခံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် မေ ၂ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ မြို့ပတ်လမ်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ရှမ်းရိုးမရိပ်သာ၌ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံကြံ့ခိုင်ရေး သင်တန်း အမှတ်စဉ်(၁/၂၀၀၇)သို့ ရောက်ရှိ၍ တိုင်းမှူးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က အသီးသီး အမှာစကား ပြောကြားကြသည်။ ယင်းနောက် သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကား ပြောကြားကြသည်။

အဆိုပါအခြေခံကြံ့ခိုင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၇)သို့ သင်တန်းသား သင်တန်းသူ ၁၃၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်သည်။

တက်ရောက်

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အောက်ထပ်၌ ဖွင့်လှစ်ထားသော Public Access Center သို့ရောက်ရှိပြီး Center မှ အင်တာနက် သတင်းအချက်အလက်များကို ဖမ်းယူခြင်း၊ သတင်းအချက်အလက်များကို ဘာသာပြန်ပြီး စာစောင်ပြုစုကာ အဆိုပါစာစောင်ကို တစ်ပတ်တစ်ကြိမ် ရှမ်းပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ကို ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးတင်ပို့သူများအသင်းက ကြီးမှူးဖွင့်လှစ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တန်ဖိုးမြှင့်စိုက်ပျိုး ထုတ်လုပ်မှုနည်းပညာ အခြေခံသင်တန်း အမှတ်စဉ်(၃)ဖွင့်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများက ဟင်းသီးဟင်းရွက်သစ်သီးဝလံများကို ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်အောင် ဈေးကွက်ရရှိအောင် ကြိုးပမ်းရေး၊ စိုက်ပျိုးရေးနည်းပညာအချက်အလက်များ တိုးတက်မြင့်မားလာစေရေး၊ တန်ဖိုးမြှင့် စိုက်ပျိုးထုတ်လုပ်မှု သစ်သီးဝလံများကို ပြည်သူတစ်ရပ်လုံးပါဝင် စိုက်ပျိုးလာအောင် စည်းရုံးဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကြသည်။ ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းက စိုက်ပျိုးရေးနည်းပညာ တိုးတက် မြင့်မားလာစေရေးအတွက် နည်းပညာများကို ပြည်သူလူထုအတွင်းသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိအောင် ဆောင်ရွက်ပြီး နိုင်ငံခြားပို့ကုန် စံချိန်မီသော ဟင်းသီးဟင်းရွက်နှင့် နည်းပညာဖြန့်ဖြူးပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်က သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တန်ဖိုးမြှင့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်ပေးခဲ့မှုအခြေအနေနှင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဈေးကွက် အလားအလာတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ရှမ်းပြည်နယ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးအေးကျော်က ရှမ်းပြည်နယ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၏ အဆိုပြုစာရင်းကို ရှင်းလင်းဖတ်ကြားသည်။ အဆိုပါ သင်တန်းတွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အဓိကကျသော နည်းပညာအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် သိမြင်လာစေရန် ရည်ရွယ်၍ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)မြို့နယ်များမှ သစ်သီးဝလံနှင့် ဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူ သင်တန်းသား သင်တန်းသူ ၈၇ ဦး တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် တောင်ကြီး၊ ကလောကားလမ်းအနီး ရွှေညောင်ကျေးရွာ အုပ်စု၊ တာယောကျေးရွာရှိ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကြက်သွန်နီ စိုက်ကွင်းသို့ ရောက်ရှိပြီး ကြက်သွန်နီစိုက်ပျိုးရေး သရုပ်ပြပွဲသို့ တက်ရောက်သည်။ တိုင်းမှူး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့အား စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးသောင်းဇော်က ကြက်သွန်နီ စမ်းသပ်စိုက်ပျိုး အောင်မြင်မှုအခြေ အနေများကို ရှင်းလင်းတင်ပြသည်။ တိုင်းမှူးနှင့် ဝန်ကြီးတို့က ရာသီဥတုနှင့် မြေဆီသြဇာ ကြွယ်ဝသော ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသတွင်း ကြက်သွန်နီ စီးပွားဖြစ် စိုက်ပျိုးကြရန် ဆွေးနွေး မှာကြားသည်။

အောင်မြင်လျက်ရှိ

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကြက်သွန်နီစိုက်ခင်းတွင် တောင်သာရွှေဖလားမျိုးကို ဒီဇင်ဘာမှစ၍ စမ်းသပ်စိုက်ပျိုးခဲ့ရာ သုံးလနှင့် ၁၅ ရက်အကြာတွင် ကြက်သွန်နီများ အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်။တစ်ဧက ကုန်ကျစရိတ် ၁၁ သိန်း ၆ သောင်း ၉ ထောင်ကျပ်သာ ကုန်ကျပြီး တစ်ဧက ၄၂၁၃ ပိဿာ ထွက်ရှိကြောင်းနှင့် စိုက်ပျိုးသည်မှ ထုတ်လုပ်ရောင်းချနိုင်သည် အထိ တစ်ပိဿာကုန်ကျစရိတ် ၂၂၇ ကျပ် ကုန်ကျကြောင်း သိရသည်။ ယခုအခါ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကြက်သွန်နီစိုက်ခင်းတွင် တိုင်းစစ်ဌာနချုပ်မှ ကြက်သွန်နီဧက ၅၀ နှင့် ဒေသခံတောင်သူများက ဧက ၅၀ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိကြောင်း သိရသည်။

ဖြည့်စွက်မှာကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရှမ်းပြည်နယ်(တောင်ပိုင်း) တာဝန်ခံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၃ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ထီဗွာမြောက်ရွာသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ထီဗွာမြောက်ရွာ ရွာဦးဘုန်းကြီးကျောင်း၌ ကျေးရွာရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာ ဝန်ကြီးက နိုင်ငံတော်က ဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ ပြည်သူလူထုနှင့် လက်တွဲ၍ ကျေးရွာများ၏ ပညာရေး၊ကျန်းမာရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ပြီး စံပြကျေးရွာများ ဖြစ်ထွန်းရေး၊ အိမ်၊ ခြံ၊ မြေနှင့် လယ်ယာကန်သင်းတို့တွင် ဝင်ငွေရ သီးနှံနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိရေး၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်ဆောင်ရွက်ရေး အခြေအနေများ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌနှင့် ရွာသူရွာသားများ၏ တင်ပြမှုများအပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြား ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့ ရွှေညောင်ကျေးရွာအုပ်စု တာယောကျေးရွာရှိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (ကြက်သွန်နီ) စိုက်ကွင်းတွင် ကြက်သွန်နီစမ်းသပ် စိုက်ပျိုး အောင်မြင်မှုအခြေအနေများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံကြံ့ခိုင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၀၇)မှ သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သန်းဌေး ကျောင်းသုံးပုံနှိပ်စာအုပ်များလှူဒါန်းပွဲ တက်ရောက်အားပေး

နေပြည်တော် မေ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သန်းဌေးသည် မတ် ၃၁ ရက် ညနေပိုင်းက ဧရာဝတီတိုင်း ကြံခင်းမြို့နယ်၊ ပန်းရုံစုကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် သမ္ဘာရာ အင်းလေး ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ၌ ကျင်းပသော ကျောင်းသုံးပုံနှိပ်စာအုပ်များလှူဒါန်းပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ် အမှုဆောင်သည် ကြံခင်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အမှုဆောင်များ၊ ရပ်ကွက်/ကျေးရွာ စည်းရုံးရေးမှူးများအား တွေ့ဆုံ၍ အသင်းဆိုင်ရာကိစ္စများ ဆွေးနွေး မှာကြားပြီး နွေရာသီသင်တန်းများတွင် အသုံးပြုရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အဆိုပြုလွှာများပေးအပ်

ဗဟိုအလုပ်အမှုဆောင်သည် ဧပြီ ၁ ရက်တွင် ဧရာဝတီတိုင်း မြန်အောင်မြို့နယ် ငပိဆိပ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ ဆင့်ပွား သင်တန်းဖွင့်ပွဲ၊ အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် အခြေခံပညာ မူလတန်းကျောင်းသုံး ပုံနှိပ်စာအုပ်များ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ကျေးရွာစည်းရုံးရေးမှူး ဦးဝင်းမြင့်က အသင်းဝင် အဆိုပြုလွှာများပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံသည်။

ဆက်လက်၍ ကျေးရွာသုတရတနာ စာကြည့်တိုက်အတွက် အလှူရှင်များက စာအုပ်များ လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အသင်းတွဲဖက် အတွင်းရေးမှူးက မူလတန်းကျောင်းသုံး ပုံနှိပ်စာအုပ်များကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် မြန်အောင်မြို့နယ် သခွတ်ကွင်းကျေးရွာနှင့် ကွင်းကြီးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းများ၌ ကျင်းပသော ကျောင်းသုံးပုံနှိပ်စာအုပ်များ လှူဒါန်းပွဲသို့ တက်ရောက်ပြီး အမှာစကား ပြောကြားသည်။

ထို့နောက် ကျေးရွာစည်းရုံးရေးမှူးများက သက်ဆိုင်ရာကျောင်းအုပ်များထံ စာအုပ်များကိုပေးအပ်လှူဒါန်းကြသည်။

ဗဟို အလုပ်အမှုဆောင်သည် မွန်းလွဲပိုင်းတွင် မြန်အောင်မြို့နယ် ထောက်ကျန့်ကွင်း ကျေးရွာနှင့် မြန်အောင်–အင်ပင် ကားလမ်းပေါ်ရှိ ဆင်ကျုံးကွင်းရွာတို့ကို ဆက်သွယ်သော အရှည်နှစ်မိုင် လေးဖာလုံ ၁၄ ပေ အကျယ်ရှိ ဆင်ကျုံးကွင်း–နှောကုန်း–မဲဇလီကွင်း–ထောက်ကျန့်ကွင်း ကျေးရွာချင်းဆက် မြေသားလမ်း ကျောက်ခင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် မြန်အောင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အမှုဆောင်များ၊ ရပ်ကွက်/ကျေးရွာ စည်းရုံးရေးမှူးများအား တွေ့ဆုံ၍ အသင်းဆိုင်ရာ ကိစ္စများ ဆွေးနွေး မှာကြားပြီး နွေရာသီ သင်တန်းများတွင် အသုံးပြုရန် အလှူငွေများ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်း ဗန်းမောက်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် မေ ၅

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ စစ်ကိုင်းတိုင်း ဗန်းမောက် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၇ ခုနှစ် မတ် ၂၇ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံက လွှင့်အား ဝပ် ၁၀၀၊ လိုင်းနံပါတ်(၆)ဖြင့် မတ် ၂၈ ရက်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် ဆင်ဘိုရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် မေ ၅

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ ကချင်ပြည်နယ် ဆင်ဘို ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၇ ခုနှစ် မတ် ၃၁ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံက လွှင့်အားဝပ် ၅၀၊ လိုင်းနံပါတ်(၁၀)ဖြင့် ဧပြီ ၁ ရက်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၇ ခုနှစ် ဧပြီလအတွက်

(၈–၄–၂၀၀၇) ရက်နေ့ နှင့် (၂၉–၄–၂၀၀၇)ရက်နေ့

ဂရင်းလန်ရှိ အစွယ်ပါပင်လယ်ဖျံကြီးများဘဝ ဒိန်းမတ် ပညာရှင်များလေ့လာ

လန်ဒန် ဧပြီ ၅

အစွယ်ပါသော ပင်လယ်ဖျံကြီးများ**(ယာပုံ)** မည်သည့်နေရာသို့ ပြောင်းရွှေ့သည်ကိုသိရှိရန် ဒိန်းမတ်သိပ္ပံပညာရှင်များက ပင်လယ်ဖျံကြီးများကို ဂြိုဟ်တုမှ မျက်ခြည်မပြတ် ချိတ်ဆက်လေ့လာလျက်ရှိသည်။

လေ့လာ

ဂရင်းလန်အနောက်ပိုင်း ကမ်းလွန်ရှိ အစွယ်ပါသော ပင်လယ်ဖျံကြီးများကို နှစ်လကြာ ခြေရာခံလေ့လာကြမည်ဖြစ်သည်။ သို့ဖြင့် ထိုသတ္တဝါများအား အမဲလိုက်ခြင်း၊ ၎င်းတို့ နေထိုင်ကျက်စားသည့် နေရာများတွင် ရေနံတူးခြင်းနှင့် ရာသီဥတု ပြောင်းလဲလာမှုတို့က ထိုသတ္တဝါများ၏ သက်ရှင်နေထိုင်မှုကို မည်သို့ရိုက်ခတ်သည်ကိုလည်း လေ့လာသိရှိနိုင်မည် ဖြစ်သည်။

တစ်နှစ်အတွင်း ဤရာသီတွင် ဂရင်းလန်အနောက်ပိုင်းရှိ အစွယ်ပါသော ပင်လယ်ဖျံကြီးများသည် ပင်လယ်ရေခဲစိုင်တွင် နားနားနေနေ ရှိကြသည်။ နေရောင်ခြည် လှုံနေကြသည်။

သို့သော် အပူချိန်မြင့်လာမှုကြောင့် ရေခဲများ အရည်ပျော်ကာ မြောက်ဘက်ပိုမိုအေးသည့်နေရာသို့ မကြာမီရွှေ့သွားနိုင်သည်။ **(အင်တာနက်)**

တောင်အာရှဒေသရှိ မြို့တော်များအကြား လေကြောင်းပျံသန်းရန် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း တိုက်တွန်းပြောကြား

နယူးဒေလီ ဧပြီ ၅

တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ဆာအတ်)အဖွဲ့ဝင်နိုင်ငံများ၏ မြို့တော်အများအပြားသို့ တိုက်ရိုက်လေကြောင်းလိုင်းများ ပျံသန်းကြရေးဆောင်ရွက်ကြရန် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက နယူးဒေလီမြို့တွင် ဧပြီ ၃ ရက်၌ ပြောကြားလိုက်သည်။

တောင်အာရှဒေသ အနေဖြင့် ကမ္ဘာပေါ်တွင် ရှင်သန်လှုပ်ရှားမှု ပိုမိုဖြစ်ထွန်းစေရေးအတွက် ကြိုးစားဆောင်ရွက် ကြရမည်ဖြစ်ကြောင်း မန်မိုဟန်ဆင်းက (၁၄) ကြိမ်မြောက် ဆာအတ်ထိပ်သီး အစည်းအဝေးဖွင့်ပွဲ၌ ပြောကြားလိုက်သည်။

ပြောကြား

သို့သော်လည်း ဒေသအတွင်း လမ်းများဖောက်လုပ်ခြင်းနှင့် မီးရထားလမ်းများဆက်သွယ်ခြင်းတို့ဖြင့် တောင်အာရှဒေသ၏ ပြီးပြည့်စုံသော ဆက်သွယ်မှုကို မရရှိနိုင်ကြောင်းလည်း ၎င်းက ပြောကြားသည်။

လွယ်ကူလျင်မြန်

မိမိတို့အနေဖြင့် ပိုမိုလွတ်လပ်ပြီး လွယ်ကူလျင်မြန်သော ခရီးသွားလာမှုကို ပြုလုပ်ကြရမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံအနေဖြင့် ဆာအတ်မှ ကျောင်းသားများ၊ ဆရာများ၊ ပညာရှင်များ၊ သတင်းသမားများနှင့် လူနာများအတွက် ဗီဇာများကို လွယ်ကူအောင် ဆောင်ရွက်ပေးထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နှစ်ဆတိုးမြှင့်

ထိုသို့ဆောင်ရွက်ခြင်းဖြင့်ဆာအတ်ဒေသအတွင်း လာမည့်ငါးနှစ်၌ ခရီးသွားလာမှုနှစ်ဆတိုးမြှင့်လာအောင် အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်းလည်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့အရှေ့တောင်ဘက် ၁၇၅ ကီလိုမီတာအကွာရှိ မော်တော်ကား စက်ရုံ၏ လုပ်ငန်းခွင် တစ်နေရာကို ဧပြီ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နှင့် ဩစတြေးလျ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်မည်

ပေကျင်း ဧပြီ ၅

နှစ်နိုင်ငံ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် ဩစတြေးလျနိုင်ငံနှင့် လက်တွဲကြိုးပမ်းရေးအတွက် တရုတ်နိုင်ငံက အသင့်ရှိကြောင်း တရုတ်ဒုတိယသမ္မတကျင့်ကျင်ပေါင်က ပေကျင်းမြို့၌ ဧပြီ ၃ ရက်က ပြောကြားသည်။

တွေ့ဆုံ

တရုတ်နိုင်ငံသို့ လေးရက်ကြာ အလည်အပတ်ရောက်ရှိနေသည့် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်နာနှင့်တွေ့ဆုံစဉ် ကျင့်ကအထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

မိမိတို့နှစ်နိုင်ငံသည် တစ်ဦးကိုတစ်ဦး ရင်းနှီးသော လုပ်ဖော်ကိုင်ဖက်နှင့် မိတ်ဆွေဟောင်းများအဖြစ် သဘောထားကာ လွန်ခဲ့သည့် ၃၅ နှစ်က သံတမန်စတင် ဆက်သွယ်ခဲ့သည့် ကာလမှစ၍ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရာတွင် ကြီးမားသော အောင်မြင်မှုများရရှိခဲ့ကြောင်း ကျင့်က ပြောကြားသည်။

ပူးတွဲကြိုးပမ်း

ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်နာက တုံ့ပြန်ပြောကြားရာ၌ တရုတ်တစ်နိုင်ငံတည်း အသိအမှတ်ပြုသည့် မိမိတို့ ဩစတြေးလျနိုင်ငံ၏ သဘောထားရပ်တည်ချက်မှာ မပြောင်းမလဲ ဆက်လက်ကိုင်စွဲသွားမည် ဖြစ်ကြောင်း၊ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှုနှင့် စပ်လျဉ်း၍ ဩစတြေးလျနိုင်ငံက ပူးတွဲကြိုးပမ်းရန် ဆန္ဒရှိကြောင်း ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာကာသသိပ္ပံ ဗီယက်နမ်ထူထောင်

ဟန်နွိုင်း ဧပြီ ၅

ဗီယက်နမ်နိုင်ငံသည် ဂြိုဟ်တုလွှတ်တင်ရေး နည်းပညာများ အဓိကအားဖြင့် ပါဝင်သော အာကာသသိပ္ပံ နည်းပညာဌာနကို ဧပြီ ၃ ရက်က ဖွင့်လှစ်ပေးလိုက်သည်။ အဆိုပါ အာကာသသိပ္ပံ၏ ရည်ရွယ်ချက်များမှာ ဂြိုဟ်တုငယ်များ ဒီဇိုင်းပုံထုတ်လုပ်ရေး၊ တပ်ဆင်ရေး စသော နည်းပညာရပ်များ ပါဝင်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထိုင်းဆန် တရုတ်သို့ အများဆုံးတင်ပို့မည်

ဗန်ကောက် ဧပြီ ၅

ကမ္ဘာ့ဆန်အများဆုံး တင်ပို့ရောင်းချနေသော ထိုင်းနိုင်ငံက နှစ်စဉ်တရုတ်နိုင်ငံသို့ ဆန်တန်ချိန်ခြောက်သိန်းမှ ခုနစ်သိန်းအထိ တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ်တွင် ထိုင်းနိုင်ငံ၏ ဆန်အများဆုံး တင်ပို့သည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်လာရန် မျှော်လင့်ထားကြောင်း ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘရာဇီး၌ သွေးလွန်တုပ်ကွေး အဖြစ်များ

ဘရာဆီးလီးယား ဧပြီ ၅

ဘရာဇီးနိုင်ငံ၌ ယခုနှစ်မတ်လ ၁၂ ရက်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၅၀၀၀ ရှိရာမှ မတ် ၂၆ ရက်တွင် ယင်းရောဂါဖြစ်ပွားသူ ၁၃၅၀၀၀ အထိ တိုးလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၂ ရက်၌ သတင်းထုတ်ပြန်သည်။ အမ်အင်န်အေ၊ဆင်ဟွာ

ကံပွင့်စေသောငါးကြီး ဒေါ်လာခုနစ်သောင်းခွဲပေးဝယ်

ပေကျင်း ဧပြီ ၅

တရုတ်စားသောက်ဆိုင်တစ်ဆိုင်က ကြီးပွားချမ်းသာစေပြီး ကံကောင်းစေသည် လာဘ်ပွင့်စေသည်ဟု အများကယူဆကြသည့် ဧရာမ ရွှေငါးကြီးတစ်ကောင်ကို ဒေါ်လာ ၇၅၀၀၀ ဖြင့် ပေးဝယ်လိုက်ကြောင်း၊ ယင်းငါးကြီးမှာ အလေးချိန် ၄၈ ကီလိုဂရမ်ရှိပြီး ဂွမ်ဒေါင်းပြည်နယ် ကျန်ကျင်းကမ်းခြေ၌ ၎င်းကို ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေလွှမ်းမှုများဖြစ်ပွားပြီးနောက် အပျက်အစီးများအား ဧပြီ ၃ ရက်က တွေ့ရစဉ်။

(အဆိုပါရေလွှမ်းမှုကြောင့် နေအိမ် ၁၇၀ ခန့် ပျက်စီးသွားခဲ့ရပြီး ဒေသနေပြည်သူနှစ်သောင်းကျော် ရေလွှမ်းမှု ကြုံတွေ့ခံစားခဲ့ရကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံ အတ္တလန္တာမြို့ရှိ စီအင်န်အင်န် သတင်းဗဟိုဌာန၌ ပစ်ခတ်မှုဖြစ်ပွား

အတ္တလန္တာ ဧပြီ ၅

အတ္တလန္တာမြို့ရှိ စီအင်န်အင်န် သတင်းဗဟိုဌာနအဆောက်အအုံတွင် လူတစ်ဦးက သေနတ်ဖြင့် တရစပ် ပစ်ခတ်မှုကြောင့် နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် ရုပ်မြင်သတင်းကွန်ရက်တစ်ခုက သတင်းထုတ်ပြန်ခဲ့သည်။

သံသယရှိသူကိုဖမ်းဆီးခဲ့ကြောင်း၊ မျက်နှာတွင် ပစ်ခတ်ခံရသည့် အမျိုးသမီးတစ်ဦး အပါအဝင် ဒဏ်ရာရရှိသူများကို ဆေးရုံသို့တင်ပို့ ပေးခဲ့ရကြောင်း၊ ၎င်းတို့သည် စိုးရိမ်ရသောအခြေအနေရှိကြောင်း စီအင်န်အင်န်က သတင်းတွင် ဖော်ပြခဲ့သည်။

ဖမ်းဆီး

မှန်အကွဲအစများအကြား တံခါးနောက်ရှိ ကြမ်းပြင်ပေါ်တွင် ပုန်းအောင်းနေသည့် သံသယရှိသူကို ရဲအရာရှိများက ဖမ်းဆီးခဲ့ကြောင်း၊အခင်းဖြစ်ပွားရာနေရာမှ အသံလွှင့်ဌာနဝန်ထမ်းများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း စီအင်န်အင်န်က ထုတ်ပြန်ခဲ့သည်။ ယင်းစီအင်န်အင်န်သတင်းဌာနကို တိုင်းမ်ဝမ်နာကုမ္ပဏီမှ ပိုင်ဆိုင်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

* ရှေ့ဖုံးမှ

ရှေးဦးစွာ ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က မြို့နယ်အတွင်း ၂၀၀၆ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနိုင်ခဲ့မှု၊ ၂၀၀၇ခုနှစ်အတွင်း စိုက်ပျိုးရန် လျာထားချက် စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက် စိုက်ပျိုးရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မြေလွတ်မြေရိုင်းဖော်ထုတ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အထူးသီးနှံဖြစ်သည့် ခြံစည်းရိုးကြက်ဆူမှာ စက်သုံးဆီအစားထိုး ဇီဝလောင်စာဆီ ထုတ်ယူအသုံးပြုနိုင်သဖြင့် မြေလွတ်မြေရိုင်းများ ဖော်ထုတ် တိုးချဲ့စိုက်ပျိုးသွားကြရန် မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူးတို့က ကြက်ဆူမျိုးစေ့များနှင့် ပျိုးကိုင်းများကို လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများထံ ပေးအပ်ကြပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူ စုစုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌတို့က ခြံစည်းရိုးကြက်ဆူပျိုးကိုင်းများကို ပျိုးထောင်ပေးကြပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပျိုးထောင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ကြံခင်း-ပခုက္ကူ ရထားလမ်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပန်းတောင်းမြို့နယ်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ကြံခင်း-ဥဿျစ်ပင်အပိုင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ကြံခင်း-ဥဿျစ်ပင်အပိုင်းတွင် ပါဝင်သော ကျောက်ဖူးကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် ကျောက်ဖူးချောင်းတံတား စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်ဆောင်ရွက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်ဖူးကျေးရွာအနီး ကားလမ်းကူးရထားလမ်းပိုင်း မြေကြီးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကြံခင်း-ပခုက္ကူရထားလမ်းသစ် ဖောက်လုပ်ပြီးစီးပါက ဧရာဝတီတိုင်း ပုသိမ်မြို့မှ မကွေးတိုင်း ပခုက္ကူမြို့အထိ တိုက်ရိုက် သွားလာနိုင်မည်ဖြစ်ပြီး ဂန့်ဂေါ၊ ကလေးမြို့များသို့လည်းကောင်း၊ ပခုက္ကူ-ချောင်းဦး၊ မုံရွာ-ရေဦး-ခင်ဦးမြို့များမှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ လည်းကောင်း ရထားဖြင့်သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပေါင်းတည်မြို့နယ် ကြူတောကန်ကွင်းအမှတ်(၁၀၉၂) နွေစပါးစိုက်ခင်း ရပ်ကြည့်ဆောင်သို့ ရောက်ရှိကြရာ ပေါင်းတည်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်က မြို့နယ်အတွင်း နွေစပါး စိုက်ပျိုးရန်လျာထားချက်၊စိုက်ပျိုးပြီးစီးမှု၊ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဇီးကုန်းမြို့သို့ ရောက်ရှိကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များမှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များနှင့် တွေ့ဆုံကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ၄ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့နယ် အင်းတကော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း သုတေသနနှင့် မျိုးပွားခြံသို့ ရောက်ရှိသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ပဲခူးတိုင်း မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာ ဦးခင်မောင်ဝင်းက တိုင်းအတွင်း ရော်ဘာ ၅၇၈၂၂ဧက စိုက်ပျိုးပြီးစီးမှုနှင့် မြို့နယ်အလိုက် ရော်ဘာစိုက်ပျိုးထားရှိမှု၊ ရော်ဘာ စိုက်ပျိုးရေးလုပ်ဆောင်လိုသူများအား စည်းရုံးဖော်ထုတ်မှု အခြေအနေများကိုလည်းကောင်း၊ ပဲခူးတိုင်းမြေစာရင်း ဦးစီးဌာနတိုင်းဦးစီးမှူး ဦးကြည်က တိုင်းအတွင်း ရော်ဘာစိုက်ပျိုး ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ တာဝန်ရှိသူများနှင့် ရော်ဘာ စိုက်ပျိုးရေးလုပ်ငန်းရှင်များက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မျိုးပွားခြံရှိ ရော်ဘာပင်ပျိုးများ စိုက်ပျိုးထိန်းသိမ်းထားမှုနှင့် ဓာတ်မြေဩဇာ အစားထိုး တီကျစ်စာ မြေဆွေးပြုလုပ်ပုံ အဆင့်ဆင့်ကို ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း စက်ရုံမှူးများအစည်းအဝေးကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ လုပ်ငန်းဆိုင်ရာများမှာကြား

နေပြည်တော် ဧပြီ ၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းမှ စက်ရုံမှူးများ အစည်းအဝေးကို ဧပြီ ၃ရက်က မကွေးတိုင်း စလေမြို့ရှိ အမှတ်(၁) ဓာတ်မြေဩဇာစက်ရုံ(စလေ) အစည်းအဝေးခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ (အောက်ပုံ)

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့်စက်ရုံများ၏ ကုန်ထုတ်လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ပြီး ဓာတ်မြေဩဇာစက်ရုံများ၊ ရေနံချက်စက်ရုံများနှင့် ရေနံဓာတ်ငွေ့ရည်(LPG) စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် ပြုပြင်ရမည့် အပိုင်းများကို ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်ငန်း တိုးတက်ထုတ်လုပ်သွားနိုင်ရေး မှာကြားသည်။

ရှင်းလင်းပေးအပ်

ယင်းနောက် တာဝန်ရှိသူများနှင့် စက်ရုံမှူးများက မိမိတို့စက်ရုံများအလိုက် စက်ရုံလည်ပတ်ထုတ်လုပ်နေမှု အခြေအနေနှင့် ရည်မှန်းချက်ပြည့်မီအောင်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆုငွေပေးအပ်

ထို့နောက် ဝန်ကြီးက အမှတ်(၁) ဓာတ်မြေဩဇာစက်ရုံ(စလေ)ရှိ အိတ်ခွံအလုပ်ရုံအဟောင်းကို ပြန်လည်တီထွင်မွမ်းမံ၍ ဓာတ်မြေဩဇာထည့်အတွင်းအိတ်ပါးများကို ထုတ်လုပ်နိုင်ခဲ့ခြင်းအတွက် ဂုဏ်ပြုဆုငွေကို ပေးအပ်ရာ စက်ရုံဝန်ထမ်းများကိုယ်စား စက်ရုံမှူးက လက်ခံသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စက်စွမ်းအားပြည့်လည်ပတ်ရေးနှင့်အလေအလွင့်ထိန်းသိမ်းရေးတို့အတွက် လိုအပ်သည်များကို အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဝန်ကြီးက ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် ကုန်ထုတ်လုပ်ငန်း လျာထားချက်များကို ချမှတ်ပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ မသမာမှုများကင်းရှင်းရေး၊ အလေအလွင့်နည်းပါးရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အမှတ်(၁)ဓာတ်မြေဩဇာစက်ရုံ(စလေ)၏ ဓာတ်မြေဩဇာထုတ်လုပ်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိဘရိပ်သီတဂူဓမ္မသဘင်

ရန်ကုန် ဧပြီ ၅

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာအရှင် ဉာဏိဿရ (D.Litt)(Ph.D)သည် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၀ရပ်ကွက် လှော်ကားလမ်း အမှတ် ၁ရှိ သီရိသုဓမ္မမဏိဇောတရေ ချမ်းမြေ့သီတဂူ ဦးနိုင်ဦး (မိဘရိပ်)-သီရိသုဓမ္မသိင်္ဂီ သီတဂူဒေါ်အေးသိန်း၊ သားများဖြစ်ကြသော မောင်ထက်နေဦး၊ မောင်ညွန့်ဝင်းနိုင်၊ မောင်ထက်နိုင်ဝင်း(ခ)ခွန်ရွှေမြင့်"မိဘရိပ်"ကုမ္ပဏီလီမိတက်၊ "မိဘရိပ်"သစ်စက်မိသားစုတို့၏ အလှူမင်္ဂလာမဏ္ဍပ်ရှေ့၌ ဧပြီ၁၉ရက် (ကြာသပတေးနေ့) ညဂုနာရီတွင် သီတဂူဓမ္မသဘင်အထူးတရားပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နှစ်သစ်ကူးရုံးပိတ်ရက်များတွင် စက်သုံးဆီအရောင်းဆိုင်များဖွင့်မည်

ရန်ကုန် ဧပြီ ၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ရန်ကုန်တိုင်းအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို နှစ်သစ်ကူးရုံးပိတ်ရက်များတွင် (မဟာသင်္ကြန် ရုံးပိတ်ရက်များအပါအဝင်) ပုံမှန်ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး အခြားပြည်နယ်၊ တိုင်းများရှိ စက်သုံးဆီအရောင်းဆိုင်များကို မဟာသင်္ကြန်ရက်များမှအပ ကျန်နှစ်သစ်ကူးရုံးပိတ်ရက်များတွင် ပုံမှန်အတိုင်း ဖွင့်လှစ်ရောင်းချမည် ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

သစ်သီးနှင့်ဟင်းသီးဟင်းရွက်များ စားသုံးခြင်းသည် ကလေးငယ်များအား ပန်းနာရောဂါဖြစ်ပွားမှုကာကွယ်နိုင်

လန်ဒန် ဧပြီ ၅

သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ စားသုံးခြင်းသည် ကလေးငယ်များအား အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် ပန်းနာရောဂါ ဖြစ်ပွားမှုကို အကာအကွယ်ပေးနိုင်ကြောင်း ဂရိ၊စပိန်နှင့်ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်တစ်ရပ်၌ ဖော်ပြသည်။

သုတေသနပြု

ကျေးလက်ဒေသများတွင် နေထိုင်သော ကလေးငယ်၇၀၀ခန့်တို့၏ အစားအစာနှင့် ကျန်းမာရေးဆိုင်ရာသုတေသနပြုချက်ကို အဆိုပါ သုတေသနပညာရှင်များက ပူးပေါင်း ပြုလုပ်ခဲ့ရာမှ တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

ထိန်းချုပ်နိုင်စွမ်း

သစ်သီးနှင့် ဟင်းသီးဟင်းရွက်များကို များများစားသုံးလျှင် ပန်းနာကဲ့သို့သော ရောဂါများအား ကာကွယ်ပေးနိုင်ပြီး ရောဂါဖြစ်ပွားနေမှုကိုလည်း ထိန်းချုပ်နိုင်စွမ်းရှိသည်ဟုဆိုသည်။

နှစ်ကြိမ်ခန့်

အသက်ခုနစ်နှစ်မှ အသက်၁၈နှစ်အတွင်းရှိ ငယ်ရွယ်သူများ၏ မိဘများအနေဖြင့် သားသမီးများအား ဟင်းသီးဟင်းရွက်၊ သစ်သီး၊ အသား၊ ငါး၊ နို့နှင့် နို့ထွက်ပစ္စည်းများကို မျှတအောင်ကျွေးမွေးသင့်ပြီး သစ်သီးနှင့် ဟင်းသီးဟင်းရွက်များကို တစ်နေ့လျှင် နှစ်ကြိမ်ခန့်စားသင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။ **(ကိုးကား-အင်တာနက်)**

The Live News ဂျာနယ်အမှတ်(၃၁)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၅

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၃၁)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

မုံရွာ ဖောဓိတစ်ထောင်မှ ကမ္ဘာ့အမြင့်ဆုံးရုပ်တော်မှ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ တရုတ်ကူမင်းကုန်စည်ပြပွဲ မြန်မာစီးပွားရေးလုပ်ငန်းရှင်များပါဝင်ပြသရန် လျှောက်လွှာခေါ်ယူ၊ တောဆင်ရိုင်းအုပ်စုကြောင့် လူငါးဦးအသက်ဆုံးရှုံး၊ ယာဉ်မောင်းများ ယာဉ်စည်းကမ်းချိုးဖောက်ပါက သုံးရက်အတွင်း ဒဏ်ငွေပေးဆောင်ရမည်၊ ပြည်တွင်းလက်ဖက်စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရန် အိန္ဒိယနိုင်ငံမှ နည်းပညာများရယူမည်၊ ကျွန်တော်နှင့် GSM၊ မွန်ရိုးရာသင်္ကြန်ထမင်း၊ ကုန်ပစ္စည်းခိုးသွင်းသူ နှင့် အကောက်ခွန်အရာရှိ၊ အီရတ်သွေးပင်လယ်ဘယ်ခါဝယ်ခန်းပါလိမ့်၊ အီရတ်မှ တပ်ဆုတ်ရေးကိစ္စ၊ မြည်းနှင့်ဆင်ပင်လယ်ပြင်မှာတွေ့ကြတော့မည်၊ ဆော်ဒီနှင့် အမေရိကန်လမ်းခွဲကြတော့မှာလား၊ အာကာသထဲမှာ မာရသွန်ပြေးမယ့် အမျိုးသမီးအာကာသယာဉ်မှူး၊ ကမ္ဘာ့လူဦးရေပေါက်ကွဲမှုပြဿနာ၊ ဗြိတိန်တွင် တရုတ်အပ်စိုက်ကုထုံးနှင့်ဒေါက်တာဘွဲ့ယူနိုင်တော့မည်လော၊ တိုက်ဂါးဝုဒ်စ် ခြောက်ထပ်ကွမ်းနှင့်သုံးနှစ်ဆက်တိုက်ဗိုလ်စွဲ၊ တက္ကစီမင်းနှင့်နွေမင်းသမီး၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို သိန်းသန်းထွန်း၊ မြင်းမူမောင်နိုင်မိုး၊ ကိုကိုလှိုင်၊ စိန်လှိုင်ဗိုလ်၊ အာရှမိုး၊ မိုးပန်းမွန်(ရာမည)၊ S.N.O၊ မေခလာ(R/O)၊ မောင်နေလင်းနှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ပါဝင်ရေးသားတင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်၃၁၀၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း ၀၀၄၊ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာ့ကျန်းမာရေးနေ့

၂၀၀၇ ခုနှစ် ဧပြီ ၇ ရက်

WORLD HEALTH DAY

7-4-2007

အနာဂတ်ဘဝလုံခြုံဖို့ ကျန်းမာရေးအတွက် ရင်းနှီးစို့

"Invest in health, build a safer future"

ကျန်းမာရေးဝန်ကြီးဌာန

ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရုံသာမကရှင်သန်ဖြစ်ထွန်းအောင် ဂရုစိုက် အပင်မှ အသီး၊ အသီးမှအစေ့၊ အစေ့မှ အဆီထုတ်ယူ ရရှိသည်အထိ ကြိုးပမ်း

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ယမန်နေ့ မွန်းလွဲ ၂နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ရွှေပြည်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူစိုက်ခင်း(ရွှေပြည်) ၁၅၁၃ဧကသို့ ရောက်ရှိပြီး စိုက်ခင်းများအတွင်း စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ရေမြောင်းဖောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ထို့နောက် ရှင်းလင်းဆောင်ရွက် မှော်ဘီမြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီး အရာရှိ ဦးသက်ရှည်နှင့် တပ်ရင်း၊ တပ်ဖွဲ့မှူးများက ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပြီးစီးမှုနှင့် ပျိုးပင်များပျိုးထောင်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးရုံသာမက ရှင်သန်ဖြစ်ထွန်းအောင် ဂရုတစိုက် အလေးထားထိန်းသိမ်းစိုက်ပျိုးကြရန် အပင်မှအသီး၊ အသီးမှ အစေ့၊ အစေ့မှ အဆီထုတ်ယူရရှိသည်အထိ စိုက်သမျှ အကျိုးဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် အဝိစိတွင်းတူးဖော်နိုင်ရေး စီစဉ်ဆောင်ရွက်ကြရန် မှာကြားပြီး ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းနေမှု စိုက်ခင်းများအတွင်း ရစ်များမွေးမြူထားရှိမှု၊ ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မှော်ဘီမြို့နယ်ရှိနယ်မြေခံတပ်နယ်၌ ခြံစည်းရိုးကြက်ဆူပင် ဧက၁၀၀စိုက်ခင်း၊စိုက်ခင်းမှ ထွက်ရှိသည့် ခြံစည်းရိုးကြက်ဆူစေ့များမှ ပျိုးပင်များ ပျိုးထောင်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ အလုံမြို့နယ် အမှတ် ၂၆ ဌာနာလမ်း ဌာနာရပ်ကွက်နေ မိဘနှစ်ပါးနှင့် အစ်ကို၊ အစ်မ၊ ညီမတို့အား ရည်စူး၍ ဒေါ်သန်းမြင့်၊ ဦးတိုးမြင့်၊ ဦးအောင်သိန်းနှင့် ဒေါ်တင်အေးကြည်မိသားစုတို့က အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘောလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဘဒ္ဒန္တဉာဏိန္ဒ (ဗုဒ္ဓဂယာဆရာတော်)(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဗုဒ္ဓဂယာမြန်မာကျောင်း ပဓာနနာယက ဆရာတော် အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီမြို့တွင် တစ်မြို့လုံး ကတ္တရာလမ်းများ ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မတ် ၁၈ရက်က အမှတ်(၃) ရပ်ကွက် လဂွန်းအိမ်လမ်းအား ကိုယ့်အားကိုယ်ကိုး စုပေါင်းလမ်းခင်းပွဲသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူး ချုပ် သူရ မြင့်မောင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့ ကြည့်ရှုစစ်ဆေးရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်နှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးခင်မောင်သန်းတို့က ရှင်းလင်းတင်ပြစဉ်။ (က-ပ)

ဂုဏဝိသိဋ္ဌနှင့် ဝိဇာတမင်္ဂလာ

သာသနာတော်ဆိုင်ရာ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရတော်မူသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားကြီးတိုက် မဏိရတနာကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ(ဒွိပိဋကဓရ)ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ ဝိနယဓရ၊ ဝိနယဝိဒူ၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဂဏဝါစက၊ ကမ္မဋ္ဌာနာစရိယ သာသနာပြု နယ်လှည့်ဓမ္မကထိက ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်၏ မဟာနာယကဆရာတော်အား အကျိုးတော်ဆောင်တပည့် ဒါယကာ၊ ဒါယိကာမများက ဂုဏဝိသိဋ္ဌပူဇာသဘင်နှင့် သက်တော်(၅၆)နှစ်မြောက် ဝိဇာတမင်္ဂလာ အခမ်းအနားကို မေ ၂၀ ရက် (တနင်္ဂနွေနေ့) တွင် ယင်းကျောင်းတိုက်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကျောင်းတိုက်ဖုန်း-၅၄၆၀၂၅ နှင့် ပူဇော်ပွဲ အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၅၅၅၈၄၈၊ ၆၄၁၆၄၅နှင့် ၆၄၃၀၃၆ တို့သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ (ဝ၅၂)

သစ္စာဓိဋ္ဌာန်အောင်တော်မူစေတီ ရွှေထီးတော်တင်လှူပူဇော်မည်

မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်မြတ်ကြီးနှင့်လေးမိုင်ကွာ ရွှေလှေကျေးရွာ ကန်ဦးကျောင်းတိုက်တွင်းရှိ ခုနစ်ရက် သားသမီးများကောင်းမှုပေါင်းစုပြုပြင်မွမ်းမံတည်ထားတော်မူသည့် ရှေးမင်းအဆက်ဆက် တည်ထားကိုးကွယ်ခဲ့သောသစ္စာဓိဋ္ဌာန်အောင်တော်မူ (ထီးလပ်)စေတီတော်မြတ်ကြီးတွင် ရွှေထီးတော်ကြီးတစ်ဆူ၊ အရံစေတီရှစ်ဆူ၊အတွင်းစေတီတစ်ဆူ စုစုပေါင်း ထီးတော်မြတ် ၁၀ဆူအား ၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၉ရက် ဧပြီ၂၄ရက် (အင်္ဂါနေ့) နံနက်၉နာရီတွင် မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရွှေလှေကျေးရွာကန်ဦးကျောင်းတိုက်၌ ထီးတော်များ တင်လှူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အရှင်စန္ဒသာရ(ကျောင်းကုန်း) အထူးတရားပွဲ

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်သာသနာပြု ဓမ္မကထိက၊ ဓမ္မာစရိယ အရှင်စန္ဒသာရ (ကျောင်းကုန်း)အရှင်မြတ်သည် ဧပြီ၇ရက် ည ၇ နာရီတွင် စမ်းချောင်းမြေနီကုန်းဓမ္မာရုံကြီးတွင် ဓမ္မရောင်ခြည် ပြန့်ပွားရေး အဖွဲ့ကြီး၏ (၂)နှစ်မြောက် ဓမ္မသဘင်ပွဲကြီးတွင်တရားဟောကြားမည်ဖြစ်သည်။

ဆရာတော်နှင့် ဆက်သွယ်လိုလျှင် ဖုန်း-၀၉-၅၁၄၇၄၄၈နှင့်၀၄၆-၄၀၄၉၈တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပုတောမြို့နယ် မဟာသင်္ကြန်ပွဲ စည်ကားစွာ ကျင်းပမည်

ပုတော မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊မြို့ပေါ်ဌာနဆိုင်ရာများနှင့် ပြည်သူများ စုပေါင်း၍ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။ပုတောမဟာသင်္ကြန်ပွဲတော်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ သင်္ကြန်ယိမ်း ပြိုင်ပွဲများ၊ တစ်ဦးချင်း အဆို အကပြိုင်ပွဲများ၊ ရေပက်မဏ္ဍပ်နှင့် ညှော်ခံဖျော်ဖြေမှုများ၊ ရှင်အပါး၁၀၀ရှင်ပြုပွဲ၊ သက်ကြီးပူဇော်ပွဲနှင့်ဗဟိုမဏ္ဍပ်၏ ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သုံးထပ်ကျောင်းဆောင်သစ် ငွေလှူဒါန်း

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ မြို့သစ်ရပ်ကွက်မှ ဦးသာဒိုးအောင်-ဒေါ်လယ်စိန်ဖြူမိသားစုက အလှူငွေကျပ် တစ်သိန်း၊ မေတ္တာညွန့်ရပ်ကွက် စက်မှုလက်မှု(၂)လမ်း အမှတ်(၅၆)နေ ဦးငွေလှ-ဒေါ်လှိုင်မိသားစုက ငွေကျပ်တစ်သိန်း၊ ကျောက်မြောင်း သတိပဋ္ဌာန်လမ်းနေ ဦးထွန်းမိသားစုက ငွေကျပ် တစ်သိန်း၊ မေတ္တာညွန့်ရပ်ကွက် ဒဂုံလွင်လမ်း တိုက်အမှတ် (3-D) အခန်း(၂၀၄)နေ မစွဲ့ခမ်းခိုင်က ငွေကျပ်တစ်သိန်းသုံးထောင်ကို ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ(မဟာသဒ္ဓမ္မဇောတိကဓဇ)ထံ ဆက်ကပ်လှူဒါန်းကြသည်။ သုံးထပ်ကျောင်းဆောင်သစ်အတွက် လှူဒါန်းလိုသူများသည် ဖုန်း-၅၄၅၈၃၇နှင့် ၀၉-၅၁၈၈၇၉၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၁၁၅)

ရေကြောင်းသိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသနစာတမ်းဖတ် နိုင်ငံအသီးသီးရှိ ပညာရှင်များနှင့် အစဉ်ထိတွေ့ နည်းပညာဖလှယ်

ပြည်တွင်းရှိ နည်းပညာအခက်အခဲများ ဖြေရှင်းပေးကြ

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ Seminar on Maritime Technology 2007 ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂ရက် မွန်းလွဲပိုင်းက သန်လျင်မြို့ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဟောပြောပွဲခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတက်ရောက်၍ အမှာစကား ပြောကြားသည်။ (အောက်ပုံ)

ဝန်ကြီးက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ပထမဦးဆုံးအကြိမ် ရေကြောင်းသိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲဖြစ်ကြောင်း၊ နိုင်ငံအသီးသီးရှိ ပညာရှင်များနှင့် အစဉ်ထိတွေ့ နည်းပညာနှီးနှောဖလှယ်ပြီး ပြည်တွင်းရှိ နည်းပညာဆိုင်ရာ အခက်အခဲများကို ဖြေရှင်းပေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်းက Seminar on Maritime Technology 2007 နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအထိမ်းအမှတ် တံဆိပ်ကို ဝန်ကြီးအား ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ Seminar on Maritime Technology 2007 ကို ဧပြီ၂ရက်မှ၃ရက်အထိ ဆက်လက် ကျင်းပမည်ဖြစ်ပြီး ၂၀၀၃ခုနှစ် စက်တင်ဘာလမှ ၂၀၀၇ခုနှစ် မတ်လအထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ပြီး သက်ဆိုင်ရာ မဟာဘွဲ့များကို သင်ကြားတတ်မြောက်ခဲ့သူ၁၆ဦးနှင့် ဂျပန်နိုင်ငံမှ မဟာဘွဲ့ရယူပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူ နှစ်ဦးတို့က မိမိတို့ တက်ရောက်ခဲ့သော ပြည်ပသင်တန်းများမှ သင်ကြားလေ့လာ တတ်မြောက်ခဲ့သော ဘာသာရပ်နှင့်ပတ်သက်၍ ဟောပြောပို့ချခြင်းဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ဆောက်လုပ်ပြီးစီးသော အပန်းဖြေ ရိပ်သာနှင့် အားကစားဆောင်၊ စာသင်ဆောင်များအားလည်းကောင်း၊ ဆောက်လုပ်ဆဲ စာသင်ဆောင် အမှတ်(၅) တည်ဆောက်ရေးလုပ်ငန်းအားလည်းကောင်း၊ ဘွဲ့နှင်းသဘင်ဆောက်လုပ်မည့် မြေနေရာအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် မတ်လအတွင်းက ဂါလာစာရေးနှင့် ကစားသည့်ပွဲ၌ ဒဏ်ရာရခဲ့ရာမှ ယခုအခါ ပြန်ကောင်းလာပြီဖြစ်၍ လေ့ကျင့်ရေးကွင်းသို့ ပြန်ဆင်းပြီဖြစ်ကြောင်း သိရသည်။

* **အက်စ်တွန်ဗီလာမှ အသက် ၂၁ နှစ်အောက် အင်္ဂလန်ကစားသမား အက်ဗွန်လာဟာအား ၎င်းအသင်းက လေးနှစ်စာချုပ်သစ် ချုပ်ဆိုလိုက်သည်။**

* အာဆင်နယ်ကစားသမား မက်သရူးဖလာမီနီက ၎င်းအနေဖြင့် အသင်းတွင် ပထမနေရာကစားရသည့် အခွင့်အလမ်းနည်းနေသဖြင့် အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

* **ချယ်လ်ဆီးနောက်တန်းကစားသမား ဂျိုးကိုးလ်သည် ဒဏ်ရာရရာမှ ပြန်ကောင်းမွန်လာသဖြင့် အသင်း၌ ပြန်လည်ကစားနိုင်ပြီ ဖြစ်ကြောင်း နည်းပြမော်ရင်ဟိုက ပြောကြားလိုက်သည်။**

* မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုအား ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာ အသင်းများက ကြေးကြီးပေး၍ ကမ်းလှမ်းနေမှုကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် စိုးရိမ်မိကြောင်း ညွှန်ကြားရေးမှူး ဆာဘော်ဘီချာလ်တန်က ပြောကြားလိုက်သည်။

* **ဒဗလျူဘီအို ခရူဇာဝိတ်ချန်ပီယံ အင်ဖိုမက်ကာရီနေလီနှင့် စိန်ခေါ်သူ ဘော်ဘီဂန်းတို့၏ လက်ဝှေ့ပွဲကို ထောင်စုနှစ် အားကစားကွင်း၌ ဧပြီ ၇ရက်၌ ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။**

* ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ စတောဝိတ်တန်းချန်ပီယံ လက်ဝှေ့ပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဧပြီ ၇ရက်၌ ထိုးသတ်ကြမည်ဖြစ်သည်။

* **ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ဧပြီ ၂ရက်က ကျင်းပသည့် အမျိုးသားမာရသွန်တစ်ဝက်အပြေးပြိုင်ပွဲတွင် ကင်ညာနိုင်ငံမှ မာကောက ၅၈မိနစ် ၅၆စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။**

* ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ ထိုးသတ်ပွဲအဖြစ် စိန်ခေါ်သူ နီကိုဃေဗယ်လူဗ်နှင့် လက်ရှိချန်ပီယံ ရူစလန်ချာဂေ့ဗ်တို့ ဂျာမနီနိုင်ငံ စတုဂတ်မြို့၌ ဧပြီ ၁၄ရက်တွင် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

* **တောင်အာဖရိကတွင်ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အားကစားကွင်းများ ကြိုတင်ပြင်ဆင် တည်ဆောက်နေမှုအပေါ် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က အားရကျေနပ်ကြောင်း ပြောကြားလိုက်သည်။**

(အင်တာနက်)

စုစည်းတင်ပြသူ- မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ် ပထမအကျော့အပြီး နည်းပြတို့၏ ခံစားချက်များ

"၁၂ ယောက်နဲ့ ၁၀ ယောက် ကစားခဲ့ရတယ်"

မန်ယူနည်းပြ ဖာဂူဆန်။

(ဓာတ်ပုံ–အင်တာနက်)

ရောမ ဧပြီ ၅

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များ ဧပြီ ၄ ရက်က ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ ကွာတားဖိုင်နယ် ပထမအကျော့ လေးပွဲကစားခဲ့ရာတွင် လီဗာပူးနှင့် ရိုးမားတို့ နိုင်ပွဲများရရှိခဲ့သော်လည်း ချယ်လ်ဆီးနှင့် ဗလင်စီယာ၊ အေစီမီလန်နှင့် ဘိုင်ယန်မြူးနစ်တို့ သရေပွဲများဖြစ်ခဲ့ကြသည်။

စိတ်မသက်မသာဖြစ်ရ

ဧပြီ ၄ ရက်က ရိုးမားကွင်းတွင် သွားရောက်ကစားခဲ့သော နာမည်ကြီး မန်ယူအသင်း နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးခဲ့ရသည်။ ထိုသို့ရှုံးပွဲ ကြုံတွေ့ရာတွင် ဘောရှုံး၊လူရှုံးပါဖြစ်ခဲ့ရသဖြင့်မန်ယူနည်းပြဖာဂူဆန် စိတ်မသက်မသာ ဖြစ်ခဲ့ရသည်။

ကြိုးစားရပါလိမ့်မည်

ရိုးမားကွင်းတွင် သွားရောက်ကစားခဲ့သော ပွဲစဉ်နှင့် ပတ်သက်၍ ဖာဂူဆန်က "ကျွန်တော့်လူတွေ ကစားခဲ့တဲ့အပေါ် စိတ်တိုင်းမကျပေမယ့် သူတို့အကောင်းဆုံး ကြိုးစားကစားသွားကြပါတယ်။ ချန်ပီယံလိဂ်ပွဲစဉ်တွေမှာ ရွှန်နေ ဂိုးပြန်သွင်းလို့ ကျေနပ်ပေမယ့် အခုရလဒ်ကတော့ ကျွန်တော်တို့ မမျှော်လင့်ထားတဲ့ ရလဒ်ပါပဲ။ ဒါပေမယ့် ဒီရလဒ်ဟာကျွန်တော်တို့ရဲ့ ချန်ပီယံလိဂ်ဖလားရရှိရေးကိုအဆုံးမသတ်နိုင်ပါဘူး။ အိုးထရက်ဖို့ဒ်မှာကစားတဲ့အဖြေကပိုအရေးကြီးလာပါပြီ။ ကျွန်တော်တို့ အပြီးသတ် အခွင့်အရေးကောင်းရဖို့ ကြိုးစားရပါလိမ့်မယ်"ဟု ပြောကြားသွားသည်။

ထို့အပြင် မန်ယူအသင်းမှ ကွင်းလယ်ကစားသမားပေါလ်စခိုးနှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရမှုနှင့် ပတ်သက်၍လည်း ဖာဂူဆန်က **"ဒီပွဲမကစားမီမှာ ကွင်းလယ်ဒိုင်လူကြီး ဟာဘတ်ဖန်ဒယ်က ဘယ်ဘောလုံးသမားကိုမျှ အပြစ်ပေးအရေးယူသွားမှုမရှိအောင် ကြိုးစားသွားမယ်လို့ ဆိုခဲ့ပေမယ့် အခုတစ်ယောက် အထုတ်ခံခဲ့ရတယ်၊ ဒီအပေါ်မှာ ကျွန်တော်ငြင်းချက် မထုတ်လိုပေမယ့် နောက်တစ်ကျော့ အိမ်ကွင်းမှာ ပေါလ်စခိုးကစားခွင့်မရတာတော့ ထိခိုက်မှုတစ်ရပ်ပါပဲ။ ကျွန်တော့်အသင်းဟာ ဒိုင်လူကြီးလုပ်ဆောင်ချက်တွေကြောင့် ပွဲချိန်တစ်နာရီကျော်လောက် ၁၂ယောက်၊ ၁၀ယောက် ကစားခဲ့ရတယ်"**ဟုလည်းကွင်းလယ် ဒိုင်လူကြီး ဟာဘတ်ဖန်ဒယ်၏ ဆုံးဖြတ်ချက်များကို ဝေဖန်ပြောကြားခဲ့သည်။

ထို့အတူ ရိုးမားအသင်းနည်းပြ လူစီရာနိုစပါလက်တီကလည်း **"ရိုးမားအသင်းဟာ တောင့်တင်းခိုင်မာတဲ့အသင်းဖြစ်ပြီး ဒီထက်ပိုကောင်းတဲ့ရလဒ်ကို ဖန်တီးနိုင်တယ်ဆိုတာ လက်တွေ့ပြခဲ့ပါပြီ။ အောင်မြင်မှု ဆက်တိုက်ရရှိဖို့ခံယူချက်၊ ယုံကြည်ချက်တွေပိုခိုင်မာလာပါတယ်။ ကံတရားရဲ့ဖေးမမှုတွေကလည်း ရှိခဲ့လို့ အနိုင်ရခဲ့တာ နောက်ပွဲက အိုးထရက်ဖို့ဒ်မှာဆိုတော့ ခက်ခက်ခဲခဲ ကစားရမှာဆိုတာ သိထားပါတယ်"**ဟု ပြောကြားခဲ့သည်။

သရေပွဲဖြစ်

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် နောက်ပွဲစဉ်တစ်ခုဖြစ်သည့်ချယ်လ်ဆီးနှင့် ဗလင်စီယာတို့ပွဲတွင်လည်း ချန်ပီယံလိဂ်ဖလားရယူမည့်အသင်းအဖြစ် ရေပန်းအစားဆုံးအဖြစ် ချယ်လ်ဆီးတို့ အိမ်ကွင်း၌ ဗလင်စီယာကို တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရသည်။

ချယ်လ်ဆီးတို့ မိမိကွင်း၌ မမျှော်လင့်ဘဲသရေပွဲ ဖြစ်ခဲ့ရသဖြင့် ချန်ပီယံလိဂ်ဖလားရယူရေး ရေပန်းစားမှုလည်း ကျဆင်းသွားခဲ့ရသည်။ အိမ်ကွင်း၌ သရေပွဲဖြစ်ခဲ့ရမှု အပေါ် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက **"ချယ်ဆီးကစားသမားတွေ ပုံမှန်အတိုင်း ခြေစွမ်းပြနိုင်ခဲ့ကြပါတယ်။ ဒါပေမယ့် တစ်ဂိုးစီသရေပွဲရလဒ်ကတော့ ဆိုးရွားလှပါတယ်။ ကျွန်တော့်အသင်းရဲ့ ပထမပိုင်းကစားပုံ သိပ်မကောင်းပါဘူး။ ပထမပိုင်းနဲ့ ဒုတိယပိုင်း ကစားပုံမတူအောင်လည်း ပြောင်းလဲခဲ့တယ်။ ဗလင်စီယာက ပထမပိုင်းပွဲချိန်အတွင်းမှာ ကစားတာ တော်တော်လေးကောင်းပါတယ်။ ဒါပေမယ့် ဗလင်စီယာဟာ ဒီပွဲကို သရေကျအောင် ခက်ခဲပင်ပန်းစွာ အားထုတ်ခဲ့ရတယ်ဆိုတာကတော့ ငြင်းလို့မရနိုင်ပါဘူး"**ဟု ပြောကြားသွားသည်။

"ရလဒ်က ဆိုးရွားလှပါတယ်"

ချယ်လ် ဆီး နည်း ပြ မော် ရင် ဟို။

(ဓာတ်ပုံ–အင်တာနက်)

ချယ်လ်ဆီးကဲ့သို့ တောင့်တင်းခိုင်မာသော အသင်းကို အဝေးကွင်း၌ တစ်ဂိုးစီသရေကျအောင် ကစားခဲ့သည့် ဗလင်စီယာနည်းပြ ဆန်းချက်စ်ဖလော်ရက်စ်ကလည်း **"ချယ်လ်ဆီးအသင်းကို ခက်ခက်ခဲခဲ ကစားခဲ့ရတယ်။ အသင်းလိုက်စုစည်းမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုနဲ့ ကြိုးစားအားထုတ်မှုတွေကြောင့် သရေပွဲရလဒ်ကို ရရှိခဲ့တာပါ။ နောက်တစ်ပွဲကျွန်တော်တို့ကွင်းမှာကစားတဲ့အခါ ဒီထက်ကြိုးစားမှုရမယ်ဆိုတာ ကျွန်တော်ကောင်းကောင်းသိခဲ့ပါပြီ။ ချယ်လ်ဆီးဟာ တကယ်ကောင်းတဲ့ အသင်းပါပဲ"** ဟု ပြောကြားသွားသည်။

စောင့်ကြည့်ရဦးမည်

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များ ပြီးဆုံးခဲ့ရာ ကွာတားဖိုင်နယ်ရောက် ဘောလုံးအသင်း ရှစ်သင်းအနက် အခြေအနေအကောင်းဆုံးမှာ လက်ရှိအနေအထား၌ လီဗာပူးအသင်းဖြစ်သော်လည်း ကျန်အသင်းများ၏ အားထုတ်မှုများကိုလည်း စောင့်ကြည့်အကဲခတ်ရဦးမည် ဖြစ်ပါကြောင်း။ ။

(ကိုးကား–အင်တာနက်)

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲများ ယှဉ်ပြိုင် လီဗာပူးတို့ ရလဒ်ကောင်းရထားသော်လည်း မန်ယူရှုံးနိမ့်ခဲ့

ရောမ ဧပြီ ၅

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဧပြီ၃ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အင်္ဂလန်ကလပ် လီဗာပူးအသင်းသည် ပီအက်စ်ဗွီအိုင့်ဟိုဗင်အသင်းကို အဝေးကွင်း၌ သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရလိုက်သဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရန် သေချာသလောက်ရှိသွားပြီဖြစ်သည်။



လီဗာပူး ကွင်းလယ်ကစားသမား ဂျရတ်(ယာ)၏ ထိုးဖောက်ယှဉ်ပြိုင်ကစားမှုကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

လီဗာပူးတို့အဝေးကွင်းသွားရောက်ကစားခဲ့ရသော်လည်းပွဲစသည်နှင့်အချိတ်အဆက်မိမိ ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၂၇မိနစ်မှာပင် အသင်းခေါင်းဆောင် စတီဗင်ဂျရတ်က စတိဗ်ဖင်နန် ဖြတ်ပို့သည့် ဘောလုံးမှတစ်ဆင့် ဖွဲ့ဆော်ဦးဂိုး သွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်စချိန်တွင်လီဗာပူးတို့ တိုက်စစ်အရှိန်မြှင့်တင် ကစားလာသဖြင့် ပွဲချိန် ၄၉ မိနစ်၌ ရစ်ဆီက အဝေးမှ လှမ်းသွင်းယူလိုက်၍ ဒုတိယမြောက်ဂိုး လီဗာပူးတို့ ရခဲ့ပြန်သည်။ ယင်းဂိုးသွင်းပြီး ၁၀မိနစ် အကြာတွင် ဖင်နန် ဖန်တီးပေးသည့်ဘောလုံးမှပင် ပီတာခရော့ချ်က သွင်းယူနိုင်ခဲ့၍ လီဗာပူးတို့ ချန်ပီယံလိဂ်တွင် မျက်နှာပန်းလှသွားခဲ့သည်။

လီဗာပူးတို့ ယင်းပွဲ အနိုင်ရလိုက်၍ ဒုတိယအကျော့ အိမ်ကွင်း၌ ကစားရမည့်ပွဲစဉ်မှာလည်း ပီအက်စ်ဗွီကို ပို၍ ခြေစွမ်းပြဂိုးများ သွင်းယူပြီး အကြိုဗိုလ်လုပွဲသို့ တက်လှမ်းနိုင်မည်ဟု မျှော်လင့်ရသည်။

အေစီမီလန်–ဘိုင်ယန်မြူးနစ်

အေစီတို့အိမ်ကွင်းပီပီ ခြေမှန် ကစားနိုင်မှုကြောင့် ပွဲချိန် မိနစ်၄၀တွင် ပီယာလိုက ခေါင်းတိုက်ဂိုးဖြင့် အဖွင့်ဂိုး သွင်းလိုက်သည်။ သို့သော်လည်း ဘိုင်ယန်မြူးနစ်ကစားသမား ဗန်ဘိုင်တန်က ပွဲချိန်၇၈မိနစ်တွင် ချေပဂိုးသွင်းယူလိုက်၍တစ်ဖက်တစ်ဂိုးစီသရေကျနေသည်။

ရရှိသွား

နှစ်သင်းစလုံး အနိုင်ဂိုးသွင်းယူနိုင်ရေးအကြိတ်အနယ် ယှဉ်ပြိုင်ကစားလာသကဲ့သို့ ကစားကွက်မှာလည်း ပိုမိုလျင်မြန် သွက်လက်လာသည်။ ပွဲချိန် ၈၄ မိနစ်တွင်အေစီမီလန်တို့ ကံကောင်းထောက်မစွာ ပယ်နယ်တီကန်သွင်းခွင့် ရလိုက်သည်။ ယင်းပယ်နယ်တီကို ကာကာ ကန်သွင်းယူလိုက်၍ အေစီတို့ ဒုတိယမြောက်ဂိုး ရရှိသွားခဲ့သည်။

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

ချေပဂိုးသွင်း

သို့သော်လည်း အေစီတို့ရရှိထားသော အနိုင်ဂိုးကို ထိန်းမထားနိုင်သဖြင့် ဘိုင်ယန်မြူးနစ်ကစားသမား ဗန်ဘိုင်တန်က ဘိုင်ယန်မြူးနစ်အသင်းအတွက် ဒုတိယမြောက် ချေပဂိုးကို သွင်းယူသွားခဲ့သည်။

ရိုးမား–မန်ယူ

ရိုးမား၏ အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရသော မန်ယူတို့ အနိုင်ပွဲကစားရန် ပြင်ဆင်ထားသော်လည်း ပွဲချိန် ၃၃မိနစ်တွင်ပေါလ်စခိုးလ် နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှ ထွက်ခဲ့ရ၍ အားပျော့သွားကာ ရိုးမားကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

အသုံးချ

ရိုးမားတို့ အိမ်ကွင်း၌ ၁၀ယောက်–၁၁ယောက် ကစားရသည့် အခွင့်အလမ်းကို အသုံးချလျက် ပွဲချိန် ၄၄ မိနစ်တွင် ရိုးမားအသင်းမှ တက်ဒီက ဖွင့်ဆော်ဦး ဂိုးသွင်းယူခဲ့သည်။

အနိုင်ဂိုးသွင်း

မန်ယူတိုက်စစ်မှူး ရွှန်နေသည် ပွဲချိန် မိနစ်၆၀တွင် ချေပဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးမှာ ရွှန်နေ၏ ၂၀၀၄ခုနှစ်နောက်ပိုင်း ပထမဆုံးသော ချန်ပီယံလိဂ်ဂိုး ဖြစ်သည်။ သို့သော် ရိုးမားကစားသမား ဗူစီနစ်က ပွဲချိန် ၆၇မိနစ်တွင် အနိုင်ဂိုးသွင်းယူခဲ့သည်။

အောင်ပွဲဆင်

မန်ယူတို့ ပြန်လည်ချေပဂိုးသွင်းယူရန် ကြိုးစားသော်လည်း ၁၀ယောက်–၁၁ယောက် ကစားရသည့် အနေအထားကြောင့် ကစားကွက်ပျက်ခဲ့ပြီး ရိုးမားတို့ အောင်ပွဲဆင်ခွင့် ရသွားခဲ့သည်။

ချယ်လ်ဆီး–ဗလင်စီယာ

ချယ်လ်ဆီးတို့အိမ်ကွင်းကစားခဲ့ရသော်လည်း မော်ရင်ဟို ထင်မှတ်ထားသလို အနိုင်မကစားနိုင်သည့်အပြင် ဗလင်စီယာက ပွဲစပြီး မိနစ် ၃၀ အကြာတွင်ဦးဆောင်ဂိုးသွင်းယူခဲ့သည်။

သွင်းယူ

သို့သော်လည်းအိမ်ရှင် ချယ်လ်ဆီးအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ဒရော့ဘာက သွင်းယူခဲ့သည်။ ။

(အင်တာနက်)

DI 2007 သင်္ကြန် Discount ခပြိုင်နော်
သင်္ကြန်ဖက်ရှင်များနှင့်အတူ နွေရာသီအတွက် Special 100% Cotton & Linen Blouses,Shirts,
နှင့် Pants များ အစုံဆုံးနှစ်မို့ ဒီနှစ် သင်္ကြန်ပွဲကိုလည်း DI ဖက်ရှင်တွေနဲ့ ကြိုဆိုကြရအောင်---
ပွဲတော်အတွင်း ပိတ်ရက်မရှိ
အမှတ် - ၁၅၈ ၊ စမ်းချောင်းလမ်း ၊ စမ်းချောင်းမြို့နယ် ၊ ရန်ကုန်မြို့ ။
Discount ပေး မည့် ရက် 29-3-2007 to 12-4-2007 Tel : 510913, 526826

မွေးနေ့မင်္ဂလာ ဆုမွန်လွှာ
ချစ်သမီးငယ်လေး **ဖူးပြည့်သော် (ပြည့်ပြည့်)**
၏ ၆-၄-၂၀၀၇ရက်တွင် ကျရောက်သော မွေးနေ့
မင်္ဂလာရက်မြတ်မှသည်......
အသက်ရှည်၍ ...... အနာကင်းစေ၊
ပညာကြိုးစား ...... တိုးပွားစေ၊
ဖေ၊ မေ သိတတ် ...... မျိုးမြတ်စေ၊
လိုအင်ဆန္ဒ ......ပြည့်ဝစေ၊
ချစ်သော – ဘိုး၊ ဘွား
ဖေဖေ – ဦးမျိုးသော်ဇင်(ကိုတိုး)
မေမေ – ဒေါ်သီတာ
မမ – မေဖူးသော်(ပုံ့ပုံ့)။

ချောင်းသာကမ်းခြေမှာ ကြည်နူးရွှင်မြူးစေဖို့.....
သီရိ ချောင်းသာကမ်းခြေဟိုတယ်
*သီရိ ဟိုတယ်၊ ချောင်းသာကမ်းခြေ၊
TEL : ၀၄၂-၄၂၂၂၄၊၀၄၂-၄၂၃၃၄၊၀၄၂-၄၂၁၃၁
HP : ၀၉- ၅၁၈ ၄၄၇၇
*Yangon Sales & Reservation Center
Nay Brothers Travel & Tours Co.,Ltd.
အမှတ်၊ ၇၅-စီ၊ ဗညားဒလလမ်းဗိုလ်ချို-၂ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ရန်ကုန်မြို့ (သျှင်ပါကူဆေးခန်းဘေးကပ်လျက်)
ဖုန်း – ၀၁-၅၄၅ ၄၈၉၊ ၅၄၈ ၀၇၅၊ ၀၉-၅၀၀ ၂၁၀၁
ဖက်(စ်)- ၅၄၁ ၇၁၆။
E-mail : naybros@myanmar.com.mm

ငပလီသင်္ကြန် (၄၈၀၀၀ိ/–)
R U OK! ALL FREE
ဖုန်း:505829, 095021498

Golden Hope
ခရီးစဉ်အမျိုးမျိုးနှင့်
လချုပ်ငှားရန် ကားမျိုးစုံ
အဆင်သင့်ရှိသည်။
295556,703220, 4412519

Golden Star သင်္ကြန်အဆင်ပြေ့ခရီးစဉ်
*ပုဂံ-ညောင်ဦး-ပုပ္ပား 90000/-
*တောင်ကြီး-အင်းလေး-ပင်းတယ 95000/-
*မန္တလေး-လားရှိုး-မူဆယ်-ရွှေလီ 140000/-
April 12
Golden Star ချောင်းသာ နေ့စဉ် ငွေဆောင် April 12,13
အမှတ် - ၂၄၊ ၁၅၃ လမ်း တာမွေ Ph : 544383,09-5172634, 09-5133640



ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် မေ ၅

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo E & P Myanmar ရေနံကုမ္ပဏီသည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A (1) နှင့် A(3)တို့၌ ဘူမိနည်းပညာဆိုင်ရာ စူးစမ်းရှာဖွေခြင်း၊ Geotechnical Investigation Survey ကို တိုင်းတာရေးရေယာဉ် MV Mariner ဖြင့် မေ ၁၇ ရက်မှ မေ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geotechnical Investigation Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် တည်နေရာများမှာ Point P 1-a(Shwe) မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၂မိနစ် ၁၄ဒသမ၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၃၃မိနစ် ၂၉ဒသမ၅ စက္ကန့်၊ Point P 1-b(Shwe) မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၁မိနစ် ၁၈ဒသမ၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၃၃မိနစ် ၂၂ဒသမ၇စက္ကန့်၊ Point P 1-c (Shew) မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၀ မိနစ် ၃၉ဒသမ၄စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၃၂မိနစ် ၂၇ဒသမ၃စက္ကန့်၊ Point Mya Template (Mya North) မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၃၄မိနစ် ၄၂ဒသမ၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၃၅မိနစ် ၁၆ဒသမ၅စက္ကန့်၊ Point Kyauk Phyu Port မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၆မိနစ် ၇ဒသမ၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၃၂မိနစ် ၅၈ဒသမ၅စက္ကန့်တို့တွင် ဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A(1)နှင့် A(3)တို့၌ တိုင်းတာရေး ရေယာဉ် MV Mariner ဖြင့် Geotechnical Investigation Survey တိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ ဧရိယာအတွင်း ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**



မင်္ဂလာတောင်ညွန့်မြို့နယ် ခုခံကျ ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ မြို့နယ်အတွင်းရှိ လူမှုရေးအဖွဲ့အစည်းများဖြစ်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား မိမိ ဆန္ဒအလျောက် လျှို့ဝှက်စွာ နှစ်သိမ့်ဆွေးနွေးပညာပေးခံယူပြီး အိတ်ချ်အိုင်ဗီပိုး ရှိ မရှိ စစ်ဆေးခြင်းဆိုင်ရာသင်တန်းကို မတ်၂၈ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းဝေးခန်းမဆောင်တွင်ကျင်းပရာ အဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာသီဂီအောင် ရှင်းလင်းပြောကြားစဉ်။ (၂၅၉)

KMD Computer Centre
၅၅-၅၇၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၃၉၁၂၈၆/ ၃၉၁၂၈၇/ ၃၇၁၈၅၅
Software Engineering in Database & Ecommerce Duration: 200 Hours
e-commerce site/ website များဖန်တီးရေးသားလိုသူများအတွက်
Software Engineering Duration: 340 Hours
Customized Program များ မိမိစိတ်ကြိုက် ရေးသား လိုသူများအတွက်

၂၀၀၇ခုနှစ် မေလ
သရဖူ မဂ္ဂဇင်း ထွက်ပြီ

အချစ်ရှိနေသေးသော အနာဂါမ်မဖြစ်သေးသူ အားလုံးအတွက်
အချစ်နှင့်ဝိပဿနာ
စာအုပ်ဆိုင်တိုင်းမှာ ဝယ်လို့ရနေပါပြီ
ဖြန့်ချိရေး - ရန်ကုန် နေလစာပေ။ ဖုန်း - ၇၀၃၀၂၃၊ မန္တလေး ထွန်းဦးစာပေ။

ကျေးဇူးဆပ်ပါမည် MD Modern Cosmetic Co., Ltd. **(ခေတ်သစ်အလှကုန်)**ကုမ္ပဏီ မှတ်ပုံတင်အမှတ်(၈၆၅)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်၊ ထိုက်ထိုက်တန်တန်ကျေးဇူးဆပ်ပါမည်။
အမှတ် ၂၂ (A)၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်၊ ဖုန်း–၇၀၉၁၁၅။

အိမ်ရောင်းမည်
ကျောက်ကုန်း၊ မဂ္ဂင်လမ်း၊ မြေ ၄၈ပေ x ပေ ၃၀၊ R.C နှစ်ထပ်၊ နှစ်(၆၀)ဂရန် ရေ၊ မီးစုံ၊ အရှုပ်အရှင်းကင်း၊ ပိုင်ရှင်ကိုယ်တိုင်၊ ပွဲစားမလို။
ဖုန်း–၀၉–၅၁၃၇၂၂၆။

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီ၏ တရားပွဲနှင့်တရားစခန်းပွဲများ

ရန်ကုန် မေ ၅

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသီဂိ ပျော်ဘွယ်ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ဓမ္မသီဂိ ပျော်ဘွယ်ပဋိပတ္တိ သာသနာ့ရိပ်သာတို့၏ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီသည် မေ ၉ရက်ညတွင် မြောက်ဥက္ကလာပ (က)ရပ်ကွက်လုံးဆိုင်ရာ တုဿိတာလမ်း အထူးတရားပွဲ၊ မေ ၁၃ရက်မှ ၁၇ရက်အထိ ဓမ္မသီဂိပျော်ဘွယ်ပဋိပတ္တိ သာသနာ့ရိပ်သာ တရားစခန်းပွဲနှင့် ဥပုသ်တရားပွဲ၊ ညတရားပွဲများ၊ ၎င်းရက်များတွင် မြောက်ဥက္ကလာပ (က)ရပ်ကွက် မေယုလမ်းဓမ္မာရုံ အချိန်ပိုင်းတရားစခန်းနှင့်တရားပွဲများ၊ ၁၈ရက်ညတွင် သန်လျင်မြို့ ဝိသုဒ္ဓါရာမ ချမ်းမြေ့သာယာအေးစာသင်တိုက် နှစ်ဦးတရားပွဲ၊ ၁၉ရက်ညတွင် မြောက်ဥက္ကလာပ (က) ရပ်ကွက် ကလျာဏယုဝအသင်း၏နှစ်ဦးအထူးတရားပွဲ၊ ၂၀ရက်ညတွင် အင်းစိန်မြို့နယ် မင်းစေတီ အထူးတရားပွဲတို့ကို ဟောကြားပြသမည်ဖြစ်သည်။ **(က–ပ)**

ဘီးလင်း အထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ဘီးလင်း ဧပြီ ၂

မွန်ပြည်နယ် ဘီးလင်းအထက်တန်းကျောင်း ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကို မေ ၁ ရက်(အလုပ်သမားနေ့) နံနက် ၈ နာရီတွင် ဘီးလင်း အထက ပညာ့အားမာန်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့်ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံယူကြရန်နှင့် ကုသိုလ်ပါဝင်လိုသူများ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ မော်ကွန်းထိန်း ဦးအေးထွန်း ဖုန်း-၅၃၄၀၂၄၊ ဦးစံ ဖုန်း-၃၈၅၉၀၃၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၁၂၃၆၀၁ နှင့် ဦးမောင်မောင်(မြို့နယ်ပညာရေးမှူး)ဖုန်း-၀၅၇-၆၄၀၂၄၊ ဦးဆန်းအောင် ဖုန်း-၀၅၇-၆၄၀၀၆၊ ဦးသန်းအောင် ဖုန်း-၀၅၇-၆၄၀၇၈နှင့် ဦးမြင့်ဦး ဖုန်း-၀၅၇-၆၄၀၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျောင်းကုန်းမြို့နယ်၌ ပထမပြန်စာမေးပွဲဆုနှင်း

ကျောင်းကုန်း ဧပြီ ၂

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ၂၀၀၆ ခုနှစ် ပထမပြန်စာမေးပွဲ ဆုနှင်းသဘင် အခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ စာချ ဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များ၊ စာအောင်ရဟန်း၊ သာမဏေနှင့် သီလရှင်ဆရာလေးများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဆက်လက်၍ ပထမကြီးတန်းအောင် ခြောက်ပါး၊ ပထမလတ်တန်းအောင် ခုနစ်ပါးနှင့် ပထမငယ်တန်းအောင် ၂၂ ပါး စုစုပေါင်း ၃၅ ပါးအား အောင်လက်မှတ်နှင့် ဝတ္ထုငွေများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဉာဏ်လှိုင်က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။**(ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

ပဲခူးခရိုင် ကဝမြို့နယ် ရှမ်းကန်ကျေးရွာနှင့် အင်းဝကျေးရွာ ကျေးရွာချင်းဆက်ကျေးလက်ဖွံ့ဖြိုးရေးတံတားဖွင့်ပွဲအခမ်းအနားကို မတ်၂၇ရက်က ကျင်းပရာ ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဌေး၊ ကဝမြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် ပြည်သူများ တံတားဖွင့်ပွဲအပြီး ကွန်ကရစ်တံတားကို ကြည့်ရှုစစ်ဆေးကြစဉ်။

(၂၄၀)

လောင်းလုံးမြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် စိုက်ထူလှူဒါန်း

လောင်းလုံး မတ် ၃၁

လောင်းလုံးမြို့နယ် ပြည်သူ့ဆေးရုံအတွက်ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို မတ် ၉ ရက် နံနက် ၉ နာရီက လောင်းလုံးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဗထူးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်လှက အမှာစကားပြောကြားပြီး မြို့နယ်ဌာနဆိုင်ရာများက လှူဒါန်းငွေကျပ် ၁၆၉၀၀၀၊ ရပ်ကွက်၊ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးက လှူဒါန်းငွေကျပ် ၅၅၀၀၀၀၊ ဆေးဆိုင်ပိုင်ရှင်များကလှူဒါန်းငွေကျပ်၂၇၅၀၀၀(အပေါ်ပုံ)၊ စေတနာရှင်ဦးစိမ်းမောင်-ဒေါ်အေးကြည်က လှူဒါန်းငွေကျပ်၂၀၀၀၀နှင့် စေတနာရှင် ဦးရဲမြင့်-ဒေါ်စန်းမူ တို့က လှူဒါန်းငွေကျပ် ၂၀၀၀၀ တို့ကို မြို့နယ် လက်ထောက် ဆရာဝန် ဒေါက်တာ ဒေါ်မူမူသန်းက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်
၇-၄-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၀၉း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) ချစ်သူဆီ (ဂရေဟမ်၊ ဆုန်သင်းပါရ်)
(၂) ချစ်တာသေချာတယ် (တိုနီသစ်လွင်၊ ရတနာဦး)
(၃) အချိန်မှန်လွမ်းနေမယ် (စည်သူလွင်၊ ဟေမာနေဝင်း)

၀၉း၄၅ အာဆီယံ အစီအစဉ်

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မုံရွာမြို့နယ် ကျောက္ကာကျေးရွာမှ သနပ်ခါးပင်စိုက်ပျိုးရေးအကြောင်း)

၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) အတာကျူးတဲ့လတန်ခူး (ခေါင်းကြီး)
(၂) လွမ်းစရာ့သင်္ကြန် (ဆောင်းပါးသရုပ်ဖော်)

၁၂း၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ

၁၂း၁၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ အစီအစဉ် (သူဌေးသားလေးယောက်နှင့် မုဆိုးကြီး)

၁၂း၄၅ (၂၁)ရာစု လူမှုဝေါဟာရများ (စတုတ္ထပိုင်း-မောင်ဆုရှင်)

ညနေပိုင်း

၁၆း၁၀ သိမှတ်စရာ မြန်မာ့စကား မြန်မာစာ (ပုဂံခေတ် ဇာတ်ကြီးဆယ်ဘွဲ့စာပေ) (မောင်ခင်မင်-ဓနုဖြူ)

၁၇း၀၀ အဆို၊ အက၊ အရေး၊ အတီးဆုရ (ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော်နှင့် မွန်ပြည်နယ်မှ မောင်ချစ်မင်းဇော်တို့၏ ခေတ်ဟောင်း/ကာလပေါ်တေး)

၁၇း၁၅ ခေတ်ဟောင်းတေး
(၁) ချစ်မယ် (ခေတ္တရာဇ)
(၂) ဝေ့လယ်လယ် (ဂီတာသောင်း၊ ခင်ခင်တင့်)
(၃) အုံးစက်ရာ (မေနု)

၁၇း၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ

၁၇း၄၅ ကျန်းမာကြံ့ခိုင်ဖို့မဏ္ဍိုင် (လှုပ်ရှားရင်းနှင့် အသက်ရှင်ပါ) (မှူးခန့်-ဆေးတက္ကသိုလ်)

၁၈း၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)

၁၈း၄၀ လှပသာယာအိမ်ဂေဟာ (သန့်ရှင်းလင်းလက် အိမ်ခန်းအသွင် ကြွေပြားနှင့်အလှဆင်)

၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (မန်းသီရိတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် တုန်ချမ်းချမ်း ဇေ့ပုံပုံတေးစီးရီး)

၂၀း၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) တမ်းတသူလွမ်းရင်မော (တက္ကသိုလ်နီနီမာ)
(၂) ချစ်သူဝေးဝေးသွားပါနဲ့လား (စန္ဒရားချစ်ဆွေ)
(၃) မောင်သိစေချင်သည် (ခင်ထွေးမော်)

ညောင်ရွှေမြို့ နန်းသီတာ-ကံကောင်း ကျေးလက်ကျောက်ချောလမ်းဖွင့်

ညောင်ရွှေ ဧပြီ ၁

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် အရှည်ပေ ၅၉၅၀၊ အကျယ် ၁၀ပေကို ခွင့်ပြုရန်ပုံငွေကျပ် ၁၀၈၆၀၀၀၀ဖြင့် အကုန်အကျခံဆောင်ရွက်သော ညောင်ရွှေမြို့နယ် နန်းသီတာ-ကံကောင်း ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၂ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်းသိရသည်။ (၀၂၇)

အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးရေး အစီအစဉ်အရ ကာကွယ်ဆေးထိုးခြင်းကို ပူတာအိုမြို့ မြို့မရပ်ကွက်၌ မတ် ၂၀ ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌဦးမြအေး၊ မြို့နယ်ဥက္ကဋ္ဌဦးကျော်ဆွေဝင်းနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်အားပေးစဉ်။

(ခရိုင် ပြန်/ဆက်)

ဖြူးမြို့နယ် မိခင်/ကလေးစောင့်ရှောက်ရေးအသင်းကြီးမှူး အရန်သားဖွားနှင့် ကျန်းမာရေးဆယ်အိမ်စုမှူး သင်တန်းဆင်း

ဖြူး ဧပြီ ၂

ဖြူးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်ခဲ့သော အရန်သားဖွားနှင့် ကျန်းမာရေးဆယ်အိမ်စုမှူး သင်တန်းဆင်းပွဲကို မတ်၂၆ ရက် နံနက်ပိုင်းက ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းဆင်းပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သက်ဝေက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်ခဲ့

အဆိုပါသင်တန်းကို ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၂၆ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသူ ၁၂ ဦး တက်ရောက်ခဲ့ကြရာ သင်တန်းဆင်းပွဲတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးဒေါက်တာ ဒေါ်မြင့်မြင့်သန်းက ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။ **(၂၈၄)**

သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။
- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
- (၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့် မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်း လုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် ခေတ်မီပစ္စည်း ကိရိယာများဖြစ်သော CCTV Camera, Red Light Camera များတပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့် ရိုက်ကူးပြီး အရေးယူဆောင်ရွက်သွားပါမည်။

(င) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မည်စွန်းပါစေနှင့်"**

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အများသိစေရန် ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား မူလအမည်ပေါက်ထံမှတစ်ဆင့် အဆောက်အအုံ နေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်–

တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
ဦးတင်စိုး ၁၂/မဂတ(နိုင်)၀၆၄၉၅၃ မှ		အမှတ် ၇၇/၈၃၊ အခန်းအမှတ် ၇၀၊ ခုနစ်လွှာ၊ မန္တလေးလမ်း
ဦးလှမြင့် AA–၀၈၁၆၉၅ (ကစ)		
ဦးတိုးလွင် ၁၂/စခန(နိုင်)၀၁၅၄၃၁ မှ	ဦးအောင်မိုးနိုင် ၁၂/မဂတ(နိုင်)၀၁၉၈၃၃	

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၉၃ နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နုနုထွေး ၁၂/ဗဟန(နိုင်)၀၀၁၁၄၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နုနုထွေး၏ခင်ပွန်း ဦးဇော်မိုးဟိန်း ၁၂/တမန(နိုင်) ၀၄၂၃၄၂ က ၁၇–၃–၂၀၀၇ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၇)တွင် တရားရုံးချုပ်ရှေ့နေ ဦးပန်းဝေအောင်မှတစ်ဆင့် ဒေါ်နုနုထွေး ၁၂/ဗဟန(နိုင်)၀၀၁၁၄၉ နှင့် အများသိစေရန် ကြေညာချက်တွင် ငွေ ၁၀ သိန်းကို ကျွန်ုပ်မိတ်ဆွေက ယူသွားသည်ဆိုခြင်းမှာ မှန်ကန်မှုမရှိ ကြောင်း၊ ကျွန်ုပ်မိတ်ဆွေ ဒေါ်နုနုထွေးက ခင်ပွန်း ဦးဇော်မိုးဟိန်းအား ရှင်းလင်းပြောကြားပြီး နှစ်ဦးနှစ်ဖက် ညှိနှိုင်းရာ ပြေလည်မှုရပြီးဖြစ်ကြောင်းနှင့် လင်မယားနှစ်ဦး ပြန်လည်ပေါင်းသင်းနေပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နုနုထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ–

ထွန်းသိန်း LL.B, E.T.E.C (E.P)
တရားရုံးချုပ်ရှေ့နေ
တိုက်အမှတ် ၉/၁၁၊ အခန်း ၄+၅၊ ပထမထပ်၊
၃၆ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၀၂၆၈ ၊ ယ/၈၅၃၂၅ Honda C90 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်းစိုး မှတ်ပုံတင်အမှတ် ၉/ခအဇ(နိုင်)၀၂၄၀၁၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေး မြောက်ပိုင်း) မန္တလေးမြို့။

သကြံန်ကားငှားမည်
514010, 09-51-77212
သကြံန်ရေကစားရန်၊ ခရီးသွားရန် ကားမျိုးစုံငှားပေးနေပါပြီ၊ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

MRCP အပိုင်း(၁) အထွေထွေဆေးပညာဘာသာရပ် (General Medicine) စာမေးပွဲအတွက် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ

လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင်၂၀၀၇ခုနှစ် စက်တင်ဘာလအတွင်းကျင်းပပြုလုပ်မည့် MRCP အပိုင်း(၁)စာမေးပွဲအတွက် ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုရန် အောက်ဖော်ပြပါ အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) M.Med.Sc (Internal Medicine) ဘွဲ့ရရှိထားသူ၊ အစိုးရဝန်ထမ်းအဖြစ် **လက်ရှိ**တာဝန်ထမ်းဆောင်နေသူ

(ခ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက် (၄၅)နှစ်ထက် မကျော်လွန်သူ

(ဂ) **ဘွဲ့ရပြီးပါက အစိုးရဝန်ထမ်းအဖြစ် ဆက်လက်အမှုထမ်းမည့်သူ**

(ဃ) လျှောက်ထားသူသည် အခြေခံဝန်ထမ်းလောင်းသင်တန်း(သို့မဟုတ်) အကြိုဝန်ထမ်းလောင်းသင်တန်း (သို့မဟုတ်) အထူးဝန်ထမ်းလောင်းသင်တန်း တက်ရောက်ပြီးသူ

၂။ လျှောက်လွှာပိတ်ရက်မှာ ၂၇–၄–၂၀၀၇ ရက် ဖြစ်ပါသည်။

၃။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၉–၅–၂၀၀၇ ရက်နေ့နှင့် ၁၀–၅–၂၀၀၇ ရက်နေ့များတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန် မြို့မကျောင်းလမ်းတွင် အောက်ပါအစီအစဉ်အတိုင်း စစ်ဆေးမေးမြန်းမည် ဖြစ်ပါသည်။

စဉ်	ဘာသာရပ်	နေ့ရက်	စစ်ဆေးမည့်အချိန်	မေးခွန်းပုံစံ
၁။	ကျွမ်းကျင်ဘာသာရပ် (အထွေထွေဆေးပညာ)	၉–၅–၂၀၀၇	နံနက်(၉း၀၀)နာရီမှ (၁၁း၃၀)နာရီအထိ	MCQ (Best of Five)
၂။	အင်္ဂလိပ်စာဘာသာရပ်	၁၀–၅–၂၀၀၇	နံနက်(၉း၀၀)နာရီမှ (၁၁း၀၀)နာရီအထိ	

၄။ လျှောက်ထားသူသည် အရည်အချင်းစစ်စာမေးပွဲဝင်ကြေးကျပ် ၁၀၀၀၀/– (ကျပ်တစ်သောင်းတိတိ)ကို ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)တွင် ဆေးသိပ္ပံပညာဦးစီးဌာန ငွေစာရင်းအမှတ် အမ်ဒီ/၀၀၄၄၉၆သို့ ပေးသွင်းပြီး ချလန်မူရင်းတစ်စောင်ကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာတွင် ဖော်ပြပါရှိရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ တိုင်း၊ ပြည်နယ် ကျန်းမာရေးဦးစီး ဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန။

MRCPCH အပိုင်း(၁) ကလေးကျန်းမာပညာဘာသာရပ်စာမေးပွဲအတွက် ဝင်ခွင့်အရည်အချင်းစစ်

စာမေးပွဲ လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ၂၀၀၇ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် MRCPCHအပိုင်း(၁)စာမေးပွဲအတွက် ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုရန် အောက်ဖော်ပြပါအရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) M.Med.Sc (Paediatrics)ဘွဲ့ရရှိထားသူ၊ အစိုးရဝန်ထမ်းအဖြစ် **လက်ရှိ**တာဝန်ထမ်းဆောင်နေသူ

(ခ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူ

(ဂ) **ဘွဲ့ရပြီးပါက အစိုးရဝန်ထမ်းအဖြစ် ဆက်လက်အမှုထမ်းမည့်သူ**

(ဃ) လျှောက်ထားသူသည် အခြေခံဝန်ထမ်းလောင်းသင်တန်း (သို့မဟုတ်) အကြိုဝန်ထမ်းလောင်းသင်တန်း (သို့မဟုတ်) အထူးဝန်ထမ်းလောင်း သင်တန်း တက်ရောက်ပြီးသူ

၂။ လျှောက်လွှာပိတ်ရက်မှာ ၂၇–၄–၂၀၀၇ ရက် ဖြစ်ပါသည်။

၃။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၉–၅–၂၀၀၇ ရက်နေ့နှင့် ၁၀–၅–၂၀၀၇ ရက်နေ့များတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန် မြို့မကျောင်းလမ်းတွင် အောက်ပါအစီအစဉ်အတိုင်း စစ်ဆေးမေးမြန်းမည် ဖြစ်ပါသည်။

စဉ်	ဘာသာရပ်	နေ့ရက်	စစ်ဆေးမည့်အချိန်	မေးခွန်းပုံစံ
၁။	ကျွမ်းကျင်ဘာသာရပ် (ကလေးကျန်းမာပညာ)	၉–၅–၂၀၀၇	နံနက်(၉း၀၀)နာရီမှ (၁၁း၃၀)နာရီအထိ	MCQ(MCQ တွင် Best of Five ၂၅% ပါဝင်ပါမည်။)
၂။	အင်္ဂလိပ်စာဘာသာရပ်	၁၀–၅–၂၀၀၇	နံနက်(၉း၀၀)နာရီမှ (၁၁း၀၀)နာရီအထိ	

၃။ လျှောက်ထားသူသည် အရည်အချင်းစစ်စာမေးပွဲဝင်ကြေး ကျပ်၁၀၀၀၀/– (ကျပ်တစ်သောင်းတိတိ)ကို ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)တွင် ဆေးသိပ္ပံပညာဦးစီးဌာန ငွေစာရင်းအမှတ် အမ်ဒီ/၀၀၄၄၉၆သို့ ပေးသွင်းပြီး ချလန်မူရင်း တစ်စောင်ကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည် ဖြစ်ပါသည်။

၄။ လျှောက်လွှာတွင်ဖော်ပြပါရှိရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ တိုင်း၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန။

MRCOG အပိုင်း(၁)သားဖွားမီးယပ်ပညာ ဘာသာရပ် စာမေးပွဲအတွက် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ

လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၇ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် MRCOG အပိုင်း(၁)စာမေးပွဲအတွက် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန် အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) M.Med.Sc(Obs& Gynae)ဘွဲ့ရရှိထားသူ အစိုးရဝန်ထမ်းအဖြစ် **လက်ရှိ**တာဝန်ထမ်းဆောင်နေသူ

(ခ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူ

(ဂ) **ဘွဲ့ရပြီးပါက အစိုးရဝန်ထမ်းအဖြစ်ဆက်လက်အမှုထမ်းမည့်သူ**

(ဃ) လျှောက်ထားသူသည် အခြေခံဝန်ထမ်းလောင်းသင်တန်း (သို့မဟုတ်) အကြိုဝန်ထမ်းလောင်းသင်တန်း (သို့မဟုတ်) အထူးဝန်ထမ်းလောင်းသင်တန်း တက်ရောက်ပြီးသူ

၂။ လျှောက်လွှာပိတ်ရက်မှာ ၂၇–၄–၂၀၀၇ ရက်ဖြစ်ပါသည်။

၃။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၉–၅–၂၀၀၇ ရက်နေ့နှင့် ၁၁–၅–၂၀၀၇ ရက်နေ့များတွင် ဆေးတက္ကသိုလ်(၁)ရန်ကုန်မြို့မကျောင်းလမ်းတွင် အောက်ပါအစီအစဉ်အတိုင်း စစ်ဆေးမေးမြန်းမည် ဖြစ်ပါသည်။

စဉ်	ဘာသာရပ်	နေ့ရက်	စစ်ဆေးမည့်အချိန်	မေးခွန်းပုံစံ
၁။	ကျွမ်းကျင်ဘာသာရပ် (မေးခွန်းလွှာ–၁) ၁။ Anatomy ၂။ Statistics ၃။ Microbiology ၄။ Embryology ၅။ Endocrinology ၆။ Pharmacology	၉–၅–၂၀၀၇	နံနက်(၉း၀၀)နာရီမှ (၁၁း၀၀)နာရီအထိ	MCQ 80% နှင့် EMQ 20%
၂။	ကျွမ်းကျင်မှုဘာသာရပ် (မေးခွန်းလွှာ–၂) (၁) Physiology (၂) Pathology (၃) Immunology (၄) Genetics (၅) Biochemistry	**၉–၅–၂၀၀၇**	**မွန်းလွဲ(၂း၀၀)နာရီမှ (၄း၀၀)နာရီအထိ**	**MCQ 80% နှင့် EMQ 20%**

၃။ အင်္ဂလိပ်စာဘာသာရပ် ၁၀–၅–၂၀၀၇ နံနက်(၉း၀၀)နာရီမှ (၁၁း၀၀)နာရီအထိ

၄။ လျှောက်ထားသူသည် အရည်အချင်းစစ်စာမေးပွဲဝင်ကြေး ကျပ်(၁၀၀၀၀/–)(ကျပ်တစ်သောင်းတိတိ)ကို ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)တွင် ဆေးသိပ္ပံပညာဦးစီးဌာန ငွေစာရင်းအမှတ် အမ်ဒီ/၀၀၄၄၉၆ သို့ပေးသွင်းပြီး ချလန်မူရင်းတစ်စောင်ကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည် ဖြစ်ပါသည်။

၅။ လျှောက်လွှာတွင် ဖော်ပြပါရှိရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများ၊ တက္ကသိုလ်များ၊ တိုင်း၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန။

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် လှည်းတန်း တိုက်(၂) အခန်း (၁၇)နေ ဦးခင်အေး–ဒေါ်အေးစန္ဒာဝမ်း၊ သမီး မလင်းလက်အေး (၈) နှစ် မြောက် မွေးနေ့အဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြင်းခြံမြို့၌ ဖြစ်ထွန်းအောင်မြင်နေသော နွေစပါးမနောသုခမျိုး သရုပ်ပြစိုက်ပျိုး

မြင်းခြံ မတ် ၃၁

မြင်းခြံမြို့နယ် စွန်းလွန်းဆည်ရေသောက်ဒေသ ကူရွာကျေးရွာ တောင်သူကြီး ဦးလှဖေ၏ ကွင်းအမှတ်(၂၉၂) ဦးပိုင်(၈)ဧရိယာ နှစ်ဧကတွင် ၂၀၀၆–၂၀၀၇ခုနှစ် နွေစပါးမနောသုခမျိုး သရုပ်ပြစိုက်ပျိုးပွဲကို မတ် ၁၈ရက်က အဆိုပါဧရိယာ နှစ်ဧက၌ကျင်းပရာ ပျိုးသက် ၁၇ရက်ဖြင့် ဖြစ်ထွန်းအောင်မြင်နေသော မနောသုခအမျိုးအစား နွေစပါးစိုက်ကွက်ကို ခရိုင်ဥက္ကဋ္ဌဦးလှမိုးနှင့် ခရိုင်စိုက်ညှိအဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်နှင့် မြို့နယ်စိုက်ညှိ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ နွေစပါးစိုက်တောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(၄၀၂)**

အရန်မီးသတ် အကြပ်သင်တန်းဖွင့်

မိုးကောင်း ဧပြီ ၁

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အရန်မီးသတ်တပ်ရင်းက ကြီးမှူး၍ အရန်မီးသတ်အကြပ် (ညအိပ်စခန်းချ)သင်တန်းအမှတ်စဉ်(၁/၂၀၀၇) ဖွင့်ပွဲကို မတ် ၂၈ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မဥ္ဇူသကခန်းမ၌ ကျင်းပရာ မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဇော်ဝင်း တက်ရောက် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင်(ထက်သူအောင်)၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်နှင့်တပ်ဖွဲ့ဝင်များ၊ သင်တန်းသားများတက်ရောက်ကြသည်။**(၄၁၆)**

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ရှုခင်းသာလမ်း အမှတ်(၁၉/၃/၁) ရပ်ကွက်နေ ကျောင်းအလှူရှင် ဒေါ်ခင်လှမိသားစုက ကျောင်းအလှူငွေကျပ် နှစ်သိန်းကို လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဆရာတော် ဦးဂန္ဓသာရ (စာချနာယက မဟာသိမ်တော်ကြီး)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

မီးဘေးရှောင် မလောင်ခင်တား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ်၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၅

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂ ရက် နံနက် ၇ နာရီခွဲက မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက်ရှိ သာသနာ့မာရ်အောင် ဝဲပုံ့စာသင်တိုက်သို့ သွားရောက်၍ ဝဲပုံ့ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကရေ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိဇယာဘိဝံသအား ဖူးမြော်ကြည်ညိုသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မော်လမြိုင် တက္ကသိုလ်ခန်းမ၌ မော်လမြိုင်တက္ကသိုလ်မှ ဆရာ ဆရာမများ၊ အခြေခံပညာ အထက်တန်းအဆင့် ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာပြ ဆရာ ဆရာမများ မွမ်းမံသင်တန်း တက်ရောက်နေကြသော ဆရာ ဆရာမများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဒွန်ဘန်တံတားတည်ဆောက်ရေးလုပ်ငန်း စစ်ဆေး မြေလွတ်မြေရိုင်းများ စိုက်ပျိုးမြေဖော်ထုတ်မှုကြည့်ရှု

ရန်ကုန် ဧပြီ ၅

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ယမန်နေ့နံနက်ပိုင်းက မြစ်ကြီးနား– တနိုင်းကားလမ်းပေါ်ရှိ ဒွန်ဘန် တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တံတား တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းအချိန်မီ ပြီးစီးရေး၊ အလေအလွင့် ဆုံးရှုံးမှုမရှိစေရေးကို တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသော မြစ်ကြီးနား ခရိုင် တနိုင်းမြို့နယ်အတွင်း *စာမျက်နှာ ၇ ကော်လံ ၁* ●

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲများ ယှဉ်ပြိုင် လီဗာပူးတို့ ရလဒ်ကောင်းရထားသော်လည်း မန်ယူရှုံးနိမ့်ခဲ့

လီဗာပူး ကွင်းလယ် ကစားသမား ဂျရတ်(ယာ)၏ ထိုးဖောက် ယှဉ်ပြိုင် ကစားမှုကို ဤသို့ တွေ့ရသည်။



ကမ္ဘာတစ်လွှားအားကစား (စာ – ၁၃)

မြန်မာ့အလင်း

သတင်း၊ ဆောင်းပါး အညွှန်း

ငြိမ်းချမ်းမှု စိမ်းလန်းမည်

နိုင်ငံရေးရှုည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံမှာ ယနေ့ ရရှိတည်ဆောက်ပြီးဖြစ်နေတဲ့ ငြိမ်းချမ်းရေးကို မပျောက် မပျက် မဆုံးရှုံးရအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြစေချင်ပါတယ်။

ဦးဆောင်း (သစ်တော)၏ဆောင်းပါး(စာ – ၆)



အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ အရှေ့တောင်ဘက် ၁၇၅ ကီလိုမီတာအကွာရှိ မော်တော်ကားစက်ရုံ၏ လုပ်ငန်းခွင် တစ်နေရာကို ဧပြီ ၄ ရက်က တွေ့ရစဉ်။

နိုင်ငံတကာသတင်း (စာ – ၁၀)

6-4 (20) 1 4/6/07, 1:42 PM